# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 9 November 2025 ၁၁၉၉၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့ မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇ - ၁၁ - ၂၀၂၅ ရက်နေ့မှ ၂၁ - ၁၁ - ၂၀၂၅ ရက်နေ့အထိ နံနက် ၀၉:၀၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကလောမြို့၌ အကြိမ်(၂၀)မြောက် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



ကလော နိုဝင်ဘာ ၈

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ်တွင် အကြိမ်(၂၀)မြောက် မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ကျင်းပလျက်ရှိရာ ပြိုင်ပွဲဝင် မီးကြာစံအဖွဲ့များက မီးပဒေသာပင်များကို ကလောမြို့တွင်း စည်ကားသိုက်မြိုက်စွာ လှည့်လည်ပူဇော်ကြသည်။

ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ပြိုင်ပွဲဝင် မီးရှော်တိုင်နှင့် မီးကြာစံအဖွဲ့များက ကလောမြို့ ကိုးမြို့ရှင်နတ်နန်း၌ စုရပ်ပြုလုပ်ပြီး ကလော-တောင်ကြီးသွား ပြည်ထောင်စုလမ်းနှင့် နာရီစင်လမ်းမှ မောမြေဦးပန်းခြံအနီး၊ မီးရှော်တိုင်ကွင်းအတွင်းသို့ လှည့်လည်၍

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



## ပေါက်ခေါင်းမြို့နယ်၌ မိုးနှမ်း ဧက ၃၉၀၀၀ ကျော် စိုက်ပျိုးထားသည့်အနက် အချို့ပြန်လည်ရိတ်သိမ်း

ပေါက်ခေါင်း နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် မိုးနှမ်း ၃၉၁၆၄ ဧကကို လျာထားချက်ပြည့်မီစွာဖြင့် စိုက်ပျိုးထားရှိပြီး တချို့တစ်ဝက်ကို ပြန်လည်ရိတ်သိမ်းလျက်ရှိရာ အထွက်နှုန်းလည်း ကောင်းမွန်လျက်ရှိသည်။

ထိုသို့စိုက်ပျိုးရာတွင် ဆင်းရတနာ-၃၊ ဆင်းရတနာ-၁၄ နှင့် မကွေးနှမ်းနက်- ၂/၁၄ စသည့် မျိုးကောင်းမျိုးသန့်များကို မြို့နယ်အတွင်းရှိ တောင်သူဦးကြီးများ၏ လယ်ယာမြေများတွင် စိုက်ပျိုးခဲ့ရာ ယခုအခါ အချို့စိုက်ခင်းများ ရင့်မှည့်ပြီဖြစ်၍ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✦


**ယနေ့ ဖတ်စရာ**

ကရင်ပြည်နယ်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက် — စာမျက်နှာ » ၅

ဂုဏ်ယူဖွယ် ဝမ်းမြောက်ဖွယ် အမှတ်တရများနှင့် တန်ဆောင်တိုင် — ဆောင်းပါး စာမျက်နှာ » ၆

စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်နေအိမ်များအား အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ် — စာမျက်နှာ » ၇

ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း — စာမျက်နှာ » ၉

ကြေးမုံ

# အစဉ်အလာကြီးမားသည့် တပ်မတော်ကိုမြှင့်တင် ကမ္ဘာတည်သရွေ့ နိုင်ငံခိုင်မြဲရေးကြိုးပမ်း

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာနေရာတွင် တည်ရှိနေသည့် နိုင်ငံဖြစ်သည်။ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးနှစ်နိုင်ငံအကြားတွင် တည်ရှိနေသည့်အပြင် တောင်အာရှနှင့်အရှေ့တောင်အာရှကို ဆက်စပ်ပေးထားသည့် နေရာဒေသတွင်လည်း တည်ရှိနေသည်။ ကာကွယ်ရေးစွမ်းအား မြင့်မားသော နိုင်ငံများနှင့်လည်း ဆက်စပ်ပတ်သက်လျက်ရှိရာ များသောအားဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းများနှင့် နီးကပ်စွာတည်ရှိနေသည်။ ပြည်တွင်းပထဝီအနေအထားတွင်လည်း တောတောင်ထူထပ်ပြီး မြစ်ချောင်းအင်းအိုင်များပေါများစွာတည်ရှိနေသည့်အတွက် ကူးသန်းသွားလာရန် အကန့်အသတ်များရှိသည်ကို တွေ့ရသည်။

ပထဝီနိုင်ငံရေးနှင့် နိုင်ငံရေးပထဝီအခြေအနေအရပါ ထူးခြားသည့် အခြေအနေများ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံသည် ယခုအချိန်ကတည်းက နိုင်ငံအတွက် ကောင်းကျိုးများ အပြည့်အဝရရှိခံစားအသုံးချနိုင်ရန် ကုန်းကြောင်း၊ ရေကြောင်းသာမက လေကြောင်းစွမ်းအားသည်လည်း မရှိမဖြစ်လိုအပ်သည့်အပြင် အင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန် မဖြစ်မနေကြိုးပမ်းတည်ဆောက်ထားရမည်ဖြစ်သည်။ လေကြောင်းစွမ်းအား အရင်းအမြစ်များသည် နည်းပညာတိုးတက်ပြောင်းလဲမှုအပေါ် အဓိကတည်မှီနေသည်။ တပ်မတော်(လေ)အနေဖြင့် စွမ်းဆောင်ရည် အစဉ်ကောင်းမွန်နေစေရန် နည်းပညာတိုးတက်ပြောင်းလဲနေမှုကို မျက်ခြည်မပြတ် လေ့လာအကဲခတ်၍ ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

"ရရှိပိုင်ဆိုင်ထားပြီးဖြစ်သည့် လေကြောင်းစွမ်းအား အရင်းအမြစ်များကို အထိရောက်ဆုံး အသုံးချနိုင်စေရေး၊ စဉ်ဆက်မပြတ်လေ့ကျင့်ခြင်း၊ သုတေသနပြုစမ်းသပ်တီထွင်ထုတ်လုပ်ခြင်း၊ အလဟဿဆုံးရှုံးပျက်စီးထိခိုက်မှုမရှိအောင် အလေးထားလုပ်ဆောင်ခြင်းစသည့် လုပ်ငန်းစဉ်များကို ပျံသန်းရေး၊ စက်မှုလက်မှုနှင့်အုပ်ချုပ်ရေး မဏ္ဍိုင်ကြီး (၃) ရပ် ပေါင်းစပ်ညှိနှိုင်းကာ တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ် စီမံလုပ်ဆောင်ကြရန်၊ တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာများကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်အောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်သွားကြရန်" နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားတွင် တိုက်တွန်းမှာကြားခဲ့သည်။

လတ်တလောကာလ နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသာမက ပြည်တွင်းတွင် ဖြစ်ပေါ်ကြုံ တွေ့ခဲ့ရသည့်အခြေအနေအရပ်ရပ်များတွင်ပါ လေယာဉ်/ရဟတ်ယာဉ်များ၊ ဒရုန်းနှင့် ယူအေဗွီများအပါအဝင် လေကြောင်းစွမ်းအားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် နိုင်ငံအသီးသီးသည် လေတပ်အပါအဝင် လေကြောင်းစွမ်းအား ထုတ်လုပ်ဖြန့်ကြက်ပေးနိုင်သည့် တပ်ဖွဲ့အမျိုးမျိုးကို အင်အားတိုးတက်ရုံသာမက ခေတ်မီအဆင့်မြင့်စေရန်အတွက်ပါ တတ်စွမ်းသမျှ ကြိုးပမ်းလုပ်ဆောင်နေကြသည်။ တစ်ဖက်တွင်လည်း Non-State Actor များဖြစ်သည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများ၊ ဝိသမစီးပွားရှာလိုသည့် အဖွဲ့အစည်းများသည်လည်း လေကြောင်းဆိုင်ရာအရင်းအမြစ်များကို ပိုင်ဆိုင်အသုံးပြုလာနိုင်အောင် ကြိုးပမ်းနေကြသည်ကို လေ့လာတွေ့ရှိရသည်။

လက်ရှိကာလတွင် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအချို့သည် ၎င်းတို့လိုလားချက်အတိုင်းမဟုတ်သည့်အတွက် ရွေးကောက်ပွဲမဖြစ်မြောက်စေရန်၊ ပျက်ပြားစေရန် နည်းလမ်းပေါင်းစုံဖြင့် စွက်ဖက်လုပ်ဆောင် ဟန့်တားနေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်နှင့်ပြည်သူ ပူးပေါင်းလက်တွဲချေမှုန်းမှုကြောင့် တဖြည်းဖြည်းအရေးနိမ့်လာသည်ကိုတွေ့ရမည်။ ၎င်းတို့ခေတ္တစိုးမိုးထားသော နယ်မြေများကို တပ်မတော်က တစ်ခုပြီးတစ်ခု ပြန်လည်ထိန်းချုပ်သိမ်းပိုက်လျက်ရှိပြီး ၎င်းတို့ခေတ္တထိန်းချုပ်ထားသည့် နယ်မြေများကို ဆက်လက်ဆုပ်ကိုင်ထားနိုင်ရန် နိုင်ငံပိုင် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများ၊ ပြည်သူလူထု၏ နေအိမ်တိုက်တာနှင့် ပိုင်ဆိုင်မှုများကို တိုက်ခိုက်ဖျက်ဆီးလုယက်ယူဆောင်လျက်ရှိသည်။

ထို့ကြောင့် ပြည်တွင်းအကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်ဖျက်ဆီးမှုများကို ဟန့်တားချေမှုန်းရန် အထူးလိုအပ်ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အကူအညီရယူကာ ဆက်လက်တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။ တပ်မတော်က တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်/ရဟတ်ယာဉ်များကို တပ်မတော်သားများက မြတ်နိုးတန်ဖိုးထားပြီး ကျွမ်းကျွမ်းကျင်ကျင် ထိထိရောက်ရောက် ပျံသန်းကိုင်တွယ်အသုံးပြုထိန်းသိမ်းကာ စွမ်းရည်အဆင့်အတန်းမြင့်မားသော လေတပ်မတော်တစ်ရပ်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကမ္ဘည်းမော်ကွန်းထိုး သက်သေထူပြကာ တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာများကို ဆက်လက်မြှင့်တင်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်အောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ **ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။**
- ★ **အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။**
- ★ **အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။**
- ★ **အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၈

၁၃၈၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြသည်။



ထိုသို့လှူဒါန်းရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ် သိန်း ၅၀၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ငွေကျပ် သိန်း ၃၀ စီ၊ မြဝတီမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ခုနစ်သိန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် ကပ္ပတိန်မျိုးကျော်ဦး (တောင်ဥက္ကလာပမြို့နယ်) တို့က ငွေကျပ် သုံးသိန်းစီ၊ စာရေးဆရာမြတ်မင်း(ဒဿန) နှင့် ဒေါက်တာထွန်းမောင်(သွားဆရာဝန်)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးတင်ကိုကို-ဒေါ်အေးအေးမူ(တော်ဝင်မြင်းမိုရ်ကုမ္ပဏီလီမိတက်)၊ ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးအောင်ကြည်(အောင်ကြည်ညွန့်-တက္ကသိုလ်)-(ဒေါ်ခင်ဖြူဖျင်) မိသားစု၊ ဗိုလ်ကြီးလှကြည်(ငြိမ်း)-ဒေါ်မြင့်မြင့်နွယ်မာဉာဏ်၊ ဆရာဝန်တင်ရွှေမိသားစု၊ ဒေါက်တာယဉ်ဝေလွင်(ပြည်)(ဥက္ကဋ္ဌ၊ ပြည်မြို့နယ်စာရေးဆရာအသင်း)၊ ပါမောက္ခဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)(ဥက္ကဋ္ဌ၊ ပန်းဘဲတန်းမြို့နယ်စာရေးဆရာအသင်း)၊ ဦးဝင်းမြင့်(သန်းမြင့်ဝင်း)၊ ဆရာမနန်းရွှေစကြာနှင့် ဖျာပုံမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးဝင်းနိုင်(မင်းဆက်ပိုင်)၊ နွေကံ့ကော်(မြို့လှ)-(ပင်မြင့်စံ-ရွှေဘို) မိသားစု၊ ဦးမြင့်ဦး(မြင့်မိုရ်ဦး-ပဲခူး)-ဒေါ်အေးအေးခိုင်မိသားစု၊ ပခုက္ကူမြို့နယ်စာရေးဆရာအသင်း၊ သန်လျင်မြို့နယ်စာရေးဆရာအသင်းနှင့် လှည်းကူးမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးအုန်း(မောင်မောင်အုန်း-လယ်ဝေး)က ငွေကျပ် သုံးသောင်းနှင့် ဦးစိန်တပ်(မောင်ယဉ်ဦး-ဓနုဖြူ)က ငွေကျပ် တစ်သောင်း၊ အမျိုးသားစာပေဆုရ ရွှေဒါးမောင်မြင့်ထွန်း (ရွှေဒါးအောင်သပြေစာပေ)က ငွေကျပ်ငါးသိန်းတန်ဖိုးရှိစာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၈ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘဲလ်လမ်ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးဒုတိယနေ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၈

ဘရာဇီးနိုင်ငံသမ္မတ လူးဝစ်အင်နာစီယို လူလာဒါ ဆေးလ်ဗား၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်(ကိုယ်စား) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးနိုင်ငံ ဘဲလ်လမ်မြို့၌ နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပသည့် ဘဲလ်လမ်ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေး (Belem Climate Summit) ဒုတိယနေ့ စုံညီအစည်းအဝေးနှင့် ဘာသာရပ်ဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။




စုံညီအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများက နိုင်ငံကိုယ်စားပြုအမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံသည် နိုင်ငံ့ဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းကျော်ကို သစ်တောများဖုံးလွှမ်းထားပြီး ဂေဟစနစ်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသောနိုင်ငံဖြစ်ကြောင်း၊ ရှည်လျားသော ကမ်းရိုးတန်းနှင့် ဒီရေတောများ ပိုင်ဆိုင်ပါကြောင်း၊ သို့သော်လည်း ရာသီဥတုပြောင်းလဲမှုဒဏ်အခံရဆုံးနိုင်ငံများတွင် ပါဝင်လျက်ရှိသဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ "အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contributions–NDC)"ပါ ရည်မှန်းချက်များနှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေးကို ဗဟိုပြုသည့်မဟာဗျူဟာများချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း။

ရာသီဥတုဆိုင်ရာ ရန်ပုံငွေတိုးမြှင့်ရရှိရေး၊ နည်းပညာများ လွှဲပြောင်းရယူနိုင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့သည် အထူးအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘဲလ်လမ်ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးကြေညာချက်ကို ထောက်ခံပါကြောင်း၊ အပူပိုင်းသစ်တောများ ထာဝရရန်ပုံငွေ (Tropical Forests Forever Facility– TFFF) တည်ထောင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ပြည်သူဗဟိုပြုရာသီဥတုဆိုင်ရာလှုပ်ရှားမှုများနှင့် ဘက်စုံတောမီးစီမံအုပ်ချုပ်မှုဆိုင်ရာလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်မည်ကို အတည်ပြုအကြောင်းကြားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ကာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် "ရာသီဥတုနှင့်သဘာဝ၊ သစ်တောများနှင့် သမုဒ္ဒရာများ"ခေါင်းစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာစားပွဲဝိုင်းဆွေးနွေးပွဲသို့တက်ရောက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ကမ္ဘာ့ရာသီဥတု ထိပ်သီးအစည်းအဝေးသည် ရာသီဥတုပြောင်းလဲမှုလျော့ချရေးအတွက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံသောနည်းလမ်းများကို အဓိကထားသည့် ဦးဆောင်ဖိုရမ်တစ်ခုဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ကာ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း(UNFCCC) အဖွဲ့ဝင်နိုင်ငံများညီလာခံနှင့်အတူ ကျင်းပသော အရေးကြီးသည့် ထိပ်သီးအစည်းအဝေးတစ်ခုဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပညာရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များတက်ရောက်ကြပြီး ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်၊ ရည်မှန်းချက်များ အောင်မြင်စေရန်နှင့် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသောစီးပွားရေးသို့ ကူးပြောင်းရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❖ **ရှေ့ဖုံးမှ**

မီးရှော်တိုင်ကွင်းအတွင်း ပြိုင်ပွဲဝင်မီးကြာစံအဖွဲ့များဖြစ်သည့် တိုင်းရင်းသားရိုးရာအကအဖွဲ့များက ကလောမြို့မှ ဖိတ်ခေါ်သံ သီချင်းဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေခဲ့ပြီး ပြိုင်ပွဲဝင်မီးရှော်တိုင်အဖွဲ့များက ပစ်လွှတ်ထွန်းညှိပူဇော်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် ကလောမြို့ပေါ်ရှိ ရပ်ကွက် (၁၁) ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင်မီးရှော်တိုင် ၂၁ တိုင်ကို နိုဝင်ဘာ ၅ ရက်မှ ၉ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်နှင့် ရပ်ရှင်သရုပ်ဆောင်များကလည်း ဖျော်ဖြေတင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

# ကျောင်းကုန်းမြို့ အထက(၁)၌ မီးဘေးလုံခြုံရေးစစ်ဆေး

ကျောင်းကုန်း နိုဝင်ဘာ ၈

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်၏ ဆန္ဒမဲပေးရုံပြုလုပ်မည့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ပူးပေါင်းအဖွဲ့ဖြင့် လိုက်လံစစ်ဆေးကြသည်။



အဆိုပါ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်တာဝန်ခံ အင်ဂျင်နီယာဦးသစ္စာထွန်းနှင့် ဝန်ထမ်းများက လျှပ်စစ်ဝိုင်ယာကြိုးများ ပေါက်ပြဲမှုရှိ/မရှိနှင့် မီးသတ်ဆေးဘူးထားရှိရေးတို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

✦ **ပေါက်ခေါင်းမှ**

အထွက်နှုန်းကောင်းမွန်စေရန်နှင့် ကုန်ကျစရိတ် သက်သာစေရန် သွင်းအားစုများနှင့် စိုက်ပျိုးရေး နည်းစနစ်ကောင်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လမ်းညွှန် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ်တွင် မိုးနှမ်း ၃၁၆၃၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်၍ တစ်ဧကအထွက်နှုန်း ၁၇ ဒသမ ၃၆ တင်းနှုန်းဖြင့် ၅၄၉၂၀၈ တင်း ထွက်ရှိရာ ယခင်နှစ်ကထက် အထွက်နှုန်း ကောင်းမွန်သောကြောင့် ပန်းတိုင်အထွက်နှုန်း ရရှိရန် စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် မြန်မာနိုင်ငံတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်အသင်းများနှင့် တွေ့ဆုံပြီး အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ အသိပညာမျှဝေသည့်ဆွေးနွေးပွဲသို့ တက်ရောက်



**ရန်ကုန် နိုဝင်ဘာ ၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင်သည် မြန်မာနိုင်ငံတွင် ဖွဲ့စည်း မှတ်ပုံတင်ထားသည့် တရုတ်စီးပွားရေး လုပ်ငန်းရှင် အသင်းများနှင့် ယနေ့နံနက်ပိုင်း တွင် ရန်ကုန်မြို့ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ တွေ့ဆုံ ဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက တရုတ်နှင့် မြန်မာ နိုင်ငံသည် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Regional Comprehensive Economic Partnership –RCEP) အဖွဲ့ဝင်နိုင်ငံ များဖြစ်ပြီး မြန်မာ–တရုတ် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာ အကွယ်ပေးရေးဆိုင်ရာ သဘောတူ စာချုပ်ကိုလည်း ချုပ်ဆိုထားရှိပြီး ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှု များကို အကာအကွယ်ပေးလျက် ရှိပြီး လုပ်ငန်းများ လွယ်ကူချော မွေ့စေရေးအတွက်လည်း ပံ့ပိုး ကူညီပေးသွားမည်ဖြစ်ကြောင်း၊ Supply Chain တစ်လျှောက် အကျိုးကျေးဇူးများအား မျှဝေ ခံစားတတ်သည့် စီးပွားရေးအသိုက် အဝန်းကိုဖော်ဆောင်သည့် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ ဖြစ်စေရန် အရေးကြီးကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု၊ ကူးသန်းသွား လာမှုတိုးတက်လာစေရေးအတွက် တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ (China–Myanmar Economic Corridor–CMEC) ကို လည်း အကောင်အထည် ဖော်လျက်ရှိ ကြောင်း၊ တရုတ်နိုင်ငံမှ ရင်းနှီး မြှုပ်နှံမှုများ လာရောက်လုပ်ကိုင် ကြရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ငွေကြေးဖြစ်သည့် "ယွမ်"ဖြင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန် အတွက် လိုအပ်သောလုပ်ငန်းစဉ် များကို အမြန်ဆုံးအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသ ကြီး စီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုများကို ကူညီဆောင် ရွက်ပေးနေမှုနှင့် ရှေ့ဆက်ဆောင် ရွက်သွားနိုင်မည့် အစီအစဉ်များ ကို ဆွေးနွေးတင်ပြပြီး တက် ရောက်လာကြသည့် တရုတ်စီးပွား ရေးလုပ်ငန်းရှင် အသင်းများမှ ကိုယ်စားလှယ်များက သိရှိလို သည်များကို မေးမြန်းဆွေးနွေး ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်း ဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်းတို့ ပူးပေါင်းကျင်းပသည့် အာဆီယံအသိုက်အဝန်းမျှော်မှန်း ချက် ၂၀၄၅ (ASEAN Community Vision 2045) နှင့် အာဆီယံစီးပွား ရေး အသိုက်အဝန်း (အေအီးစီ) မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆–၂၀၃၀) (ASEAN Economic Community Strategic Plan – 2026–2030) တို့နှင့်စပ်လျဉ်း၍ ပုဂ္ဂလိက လုပ်ငန်းရှင်များအား အသိပညာမျှဝေသည့် ဆွေးနွေးပွဲ သို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီးက အာဆီယံစီးပွားရေး အသိုက်အဝန်းအကောင်အထည် ဖော်မှုများတွင် ပုဂ္ဂလိကကဏ္ဍ သည် အာဆီယံစီးပွားရေး ပေါင်းစည်းမှု၏ အဓိကမောင်းနှင အားတစ်ရပ်ဖြစ်ကြောင်း၊ အစိုးရ နှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် ဒေသ တွင်း စီးပွားရေးပေါင်းစည်းမှုများ နှင့် အခွင့်အလမ်းများကို သိရှိ အကောင်အထည်ဖော် ဆောင်ရွက် ရန် ပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA)၏ အကြံပေး ဒေါက်တာ တင်တင်ထွေး၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာ မာလာ မျိုးညွန့်၊ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါ်စောကလျာစုနှင့် ပုဂ္ဂလိက ကဏ္ဍမှဥက္ကဋ္ဌ ဒေါက်တာ မြတ်သီတာမြင့်တို့က အာဆီယံ စီးပွားရေးအသိုက်အဝန်း မဟာ ဗျူဟာလုပ်ငန်း အစီအစဉ် (၂၀၂၆– ၂၀၃၀) နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာ သူများက လုပ်ငန်းစဉ်များနှင့် သိရှိလိုသည်များကို မေးမြန်း ကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီး က လိုအပ်သည်များကို မှာကြားခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၈**

(၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ (43rd ASEANAPOL Conference)ကို ထိုင်းနိုင်ငံ ဗန်ကောက် မြို့ရှိ Grand Hyatt Erawan ဟိုတယ်၌ နိုဝင်ဘာ ၃ ရက်မှ ၇ ရက်အထိ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင်ပြုလုပ်သည့် ညီလာခံဖွင့်ပွဲအခမ်းအနား၌ ထိုင်းနိုင်ငံ တော်ဝင် ရဲတပ်ဖွဲ့ ရဲချုပ် ရဲဗိုလ်ချုပ်ကြီး Kittharath Punpetch က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Anutin Charnvirakul က အဖွင့်မိန့်ခွန်းပြောကြားသည်။

ညီလာခံသို့ အာဆီယံရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ရဲချုပ်များ၊ ဒုတိယရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီး များ၊ အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံးမှ အလုပ်အမှု ဆောင် ညွှန်ကြားရေးမှူးနှင့် အရာရှိများ၊ ဆွေးနွေးဖက် များဖြစ်ကြသော ဩစတြေးလျနိုင်ငံ၊ အာဆီယံအတွင်း ရေးမှူးချုပ်ရုံး၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အမေရိကန် အမျိုးသား ထောက်လှမ်းရေးဗျူရို (Federal Bureau of Investigation–FBI) နှင့်လေ့လာဖက်များဖြစ်ကြသော ကနေဒါနိုင်ငံ အပြည်ပြည်ဆိုင်ရာရဲချုပ်များအသင်း (International Association of Chiefs of Police–IACP)၊ ပြင်သစ်နိုင်ငံ၊ ဖီဂျီနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(International Committee of the Red Cross–ICRC)၊ အီတလီနိုင်ငံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)၊ ပင်လယ် ကွေ့နိုင်ငံ ရဲတပ်ဖွဲ့များပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Cooperation Council Police–GCCPOL) တို့မှ ပြည်ထဲရေးဝန်ကြီး၊ ရဲချုပ်များ၊ ဒုတိယရဲချုပ်များ၊ အကြီးတန်းရဲအရာရှိကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံဖွင့်ပွဲအပြီးတွင် ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများကို သီးခြားစီကျင်းပကြပြီး အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာအဆင့်မြင့်ရဲအရာရှိ ကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အစည်း အဝေးများ၌ မူးယစ်ဆေးဝါးကုန်ကူးမှု၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ တောရိုင်းတိရစ္ဆာန် မှုခင်း၊ ငွေကြေးဆိုင်ရာမှုခင်း၊ ဆိုက်ဘာမှုခင်း၊ ပင်လယ် ရေကြောင်းဆိုင်ရာမှုခင်းစသည့် မှုခင်းများတိုက်ဖျက် ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံ ရဲအဖွဲ့ အီလက်ထရောနစ် သတင်းအချက်အလက်စနစ် (Electronic ASEANAPOL Database System–e-ADS) အသုံးပြုမှုမြှင့်တင်ရေး၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များ နှင့် စပ်လျဉ်း၍ အပြန်အလှန် အကူအညီပေးရေး (Mutual Assistance in Criminal Matters)၊ အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများအကြား သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးနှင့် အာဆီယံရဲအဖွဲ့၏ မှုခင်းဆေးသိပ္ပံကွန်ရက် (ASEAN Police Forensic Science Network– APFSN) အသုံးပြုမှုမြှင့်တင်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နှင့် လေ့လာဖက်နိုင်ငံ/ အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက် သည့် ပထမအကြိမ် စုံညီအစည်းအဝေးကို ကျင်းပရာ အစည်းအဝေး၌ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အဖွင့်အမှာ စကားပြောကြားပြီး (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံပူးတွဲကြေညာချက် (42nd Joint Communique–42nd JC) အပေါ် အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးမှုအခြေအနေ အစီရင်ခံစာအကျဉ်းချုပ်ကို ဖတ်ကြားသည်။ ယင်းနောက် အာဆီယံရဲအဖွဲ့ ညီလာခံ ဥက္ကဋ္ဌတာဝန်အား ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ ရဲချုပ်ထံသို့ အစီရင်ခံစာအကျဉ်းချုပ်နှင့်အတူ လွှဲပြောင်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် အလုပ်အမှု ဆောင်ကော်မတီအစည်းအဝေး၌ ဆွေးနွေးခဲ့သည့် အချက်များကိုထပ်မံဆွေးနွေးအတည်ပြုသည့် အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် များ တွေ့ဆုံဆွေးနွေးမှုကိုပြုလုပ်သည်။ ယင်းနောက် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံ/ အဖွဲ့အစည်း များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တွေ့ဆုံ ဆွေးနွေးမှုကိုပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေး၌ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများကို ဆက်လက်ကျင်းပသည်။ မွန်းလွဲပိုင်းတွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စား လှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့ အတွင်း ရေးမှူးရုံးမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးတို့က ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ သွားရောက်တွေ့ဆုံဂါရဝပြု ခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဒုတိယအကြိမ် စုံညီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေး၌ ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေး များမှရလဒ်များနှင့် (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံ ပူးတွဲကြေညာချက်တွင် ထည့်သွင်းမည့် အချက်များကို သက်ဆိုင်ရာအစည်းအဝေး သဘာပတိ များက ရှင်းလင်းဖတ်ကြားတင်ပြခဲ့ကြသည်။ မွန်းလွဲ ပိုင်းတွင် ညီလာခံပိတ်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပခဲ့ပြီး (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံပူးတွဲကြေညာချက် (43rd Joint Communique–43rd JC)ကို အာဆီယံရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စား လှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ ကြသည်။ အဆိုပါ 43rd JC ၏ နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြမည့် အွန်လိုင်းအသုံးပြုလိမ်လည်မှု ကျူးလွန်နေသော အဖွဲ့အစည်းများအား နှိမ်နင်းတိုက် ဖျက်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Bangkok Joint Declaration on eliminating scam centres linked to trafficking in persons for forced criminality) ကိုလည်း အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် နိုဝင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဘားအံ)ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ နိုင်ငံ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းရာတွင် လက်တွေ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခွင်ကျွမ်းကျင်သူများ မွေးထုတ်ပေးလျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၏ အခန်းကဏ္ဍသည် များစွာအရေးပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းသား ကျောင်းသူများ အနေဖြင့် ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်မှု ရှိစေရေးအပြင် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေး ကြိုးပမ်းချက်များနှင့် တောင်သူလယ်သမားများအား လက်တွေ့ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ၌ အားကိုး အားထားပြုရသူများအဖြစ် ကျရာကဏ္ဍက တာဝန်ကျေပွန်စွာ စွမ်းဆောင်နိုင်ကြသည့် လူချွန်




လူကောင်းများဖြစ်အောင် တစ်ပါတည်းလေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း၊ ထို့ပြင် ဘွဲ့ကြို စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များ ဆက်လက်ဆည်းပူးလိုကြသည့် ကျောင်းသား ကျောင်းသူများအား တိုးချဲ့ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်(မအူပင်)တွင် တက်ရောက်နိုင်ကြစေရန် တာဝန်ရှိသူများနှင့် ဆရာ ဆရာမများက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ဆောင်များ၊ မွေးမြူရေးဘာသာရပ်အတွက် လက်တွေ့သင်ထောက်ကူဆောင်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးဇုန်(မိဓံ)သို့ သွားရောက်ပြီး ဝက်နှင့် ဆိတ် မွေးမြူလုပ်ကိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြစ်၍ လုပ်ငန်းရှင်တစ်ဦးချင်းက မှန်ကန်စွာ ကြိုးစားလုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းတိုးချဲ့အောင်မြင်အောင်ဆောင်ရွက်ရန် မွေးမြူရေးဇုန်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရေးနှင့် မွေးမြူရေးတိရစ္ဆာန် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြား၍ လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကာ မွေးမြူရေးသုံးဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ တောင်သူတွေ့ဆုံပွဲနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး အနိမ့်တင်ဆိုလာပန့်များ ထောက်ပံ့ပေးအပ်ပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၈**

တောင်သူတွေ့ဆုံပွဲနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး အနိမ့်တင်ဆိုလာပန့်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



တွေဆုံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ နေပြည်တော် ခရိုင်အဆင့်၊ မြို့နယ်အဆင့်မှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း သီးထပ်စိုက်ပျိုးနိုင်ရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့် စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မြေအောက်ရေစက်ရေတွင်းများ တူးဖော်ခြင်း၊ ဆိုလာစနစ် ပြောင်းလဲတပ်ဆင်ခြင်း၊ ယာယီချောင်းပိတ်ဆည်များ တည်ဆောက်ခြင်း၊ ဆိုလာနှင့် လျှပ်စစ် ရေတင်စနစ်များ တည်ဆောက်ခြင်း၊ ကျေးလက်ထိန်းဆည်များ ပြုပြင်ခြင်း၊ သဘာဝ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား အနိမ့်တင်ဆိုလာပန့်များနှင့် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့များ ပေးအပ်ပြီး တောင်သူများ၏ တင်ပြဆွေးနွေးချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျည်တောင်ကျေးရွာအုပ်စု ခါမကျေးရွာ၌ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရွာတွင်းလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လမ်းပခုံးသားများနှင့် လမ်းဘေးဝဲ/ယာ ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းဘေးရေထုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်ရန် မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ စည်ပင်ကြီးကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာအနီးရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ထားရှိသော ရေထိန်းအဆောက်အအုံ ပြန်လည်ပြုပြင်ခြင်းနှင့် ရေတံခါးတပ်ဆင်ခြင်း လုပ်ငန်းမှ အနိမ့်တင်ဆိုလာပန့်များ တပ်ဆင်၍ ရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ တောင်သူများ၏ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိလမ်းများ နိုင်လွန်ကတ္တရာ(AC) ခင်းကျင်းနေမှုနှင့် ဒက္ခိဏသီရိမြို့နယ် အတွင်းရှိ အေးချမ်းသီရိလမ်း အဆင့်မြှင့်တင်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့မှုရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ပြီး လုပ်ငန်းအပိုင်းလိုက် အမြန်ပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်ရေး၊ လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့ကို စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# တောင်သူများပူးပေါင်းပါဝင်သည့် စပါးမျိုးလိုင်းရွေးချယ်ပွဲနှင့် (၈၉)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၈**

တောင်သူများပူးပေါင်းပါဝင်သည့် စပါးမျိုးလိုင်းများ ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ စပါးသုတေသနဗဟိုဌာန စိုက်ကွင်း၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက သီးနှံအထွက်နှုန်းနှင့် အရည်အသွေးမြင့်မားမှသာ တောင်သူများ တွက်ခြေကိုက်ပြီး အကျိုးအမြတ်ရရှိစေနိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်က ပုဂ္ဂလိကမျိုးစေ့ထုတ်ကဏ္ဍကို အထူးအားပေး ဆောင်ရွက်လျက်ရှိသော်လည်း မျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးကြောင်း၊ သို့ဖြစ်၍ လယ်ယာကဏ္ဍတစ်ခုလုံး မျိုးကောင်းမျိုးသန့်သုံးစွဲမှု လွှမ်းခြုံနိုင်အောင် တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်နိုင်ရေးကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အရည်အသွေးကောင်းမျိုးမွေးမြူရေးနှင့် မျိုးစေ့ထုတ်ခြင်းကို တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မှသာ လူမှုစီးပွားဘဝများ သိသာစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားပြီး ကွင်းအတွင်း စိုက်ပျိုးပြသထားသော စပါးမျိုးလိုင်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပသည့် တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရေး၊ စိုက်ပျိုးရေးလုပ်သားများ၏ ကျန်းမာရေးကို ကာကွယ်ရေးနှင့် စားသုံးသူများဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါက်တာဝဏ္ဏာထွန်းက “မတ်ပဲ၊ ပဲတီစိမ်း သီးနှံများတွင် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ”ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဂုဏ်ယူဖွယ် ဝမ်းမြောက်ဖွယ် အမှတ်တရများနှင့် တန်ဆောင်တိုင်

ရွှေစင်

ပြက္ခဒိန်နှစ်တစ်နှစ်လုံး လအလိုက် အလှူအတန်းများ၊ ပွဲတော်များ ကျင်းပစည်ကားသည့် နိုင်ငံများအနက် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ မြန်မာတို့သည် လအလိုက် ရာသီပွဲတော်များကျင်းပပြီး အလှူအတန်းပြုလုပ်သည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခဲ့ကြသည်။ မြန်မာ့တစ်ဆယ့်နှစ်လရာသီများအနက် တန်ဆောင်မုန်းလသည် ထူးခြားသည့် လတစ်လ ဖြစ်ပါသည်။

တန်ဆောင်မုန်းလသည် တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပွဲတော်၊ ဆေးပေါင်းခ မဲဇလီဖူးသုပ် ဝေငှပွဲတော်၊ ပုံ့သကူအလှူတော်၊ နိဗ္ဗာန်ဈေးပွဲတော်များ၊ ကျီးမနိုးပွဲတော်၊ သာမညဖလအခါတော်နေ့ ပွဲတော်များဟူသော ပွဲတော်အလှူတော်များဖြင့် ထင်ရှားလေးနက်သည့် လတစ်လလည်း ဖြစ်သည်။



၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် မီးရှူးမီးပန်းများပစ်ဖောက်ကာ လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

မြန်မာလူမျိုးတို့၏ အလှူရေစက် လက်နှင့်မကွာ အလှူအတန်းရက်ရောပုံနှင့် ချစ်စရာ မြန်မာ့ဓလေ့ထုံးစံများကို အများဆုံးတွေ့ရသည့် ကာလလည်း ဖြစ်သည်။ ထိုသို့သော ပွဲတော်များ ကျင်းပခြင်းသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်ကို ထိန်းသိမ်းခြင်းဖြစ်သလို တစ်ဖက်တွင်လည်း လုပ်ငန်းခွင်၌ ပင်ပန်းနေကြသည့် ပြည်သူများ၏ စိတ်ကို အပန်းပြေရာလည်း ရောက်ပါသည်။

## တန်ဆောင်တိုင် မီးပုံးပျံပွဲတော်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့သည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ကျွန်မအနေဖြင့် ပထမဆုံးအကြိမ် ပါဝင်ဆင်နွှဲခွင့်ရခဲ့ပါသည်။ ယခင်က ဒီလိုပွဲမျိုးကို မကြုံဖူး၊ မခံစားဖူးခဲ့ပါ။ ယခုနှစ်တန်ဆောင်တိုင်ပွဲတော်တွင် ဒေသခံပြည်သူများ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော မိသားစုများ၊ လူငယ်များ၊ ကလေးသူငယ်များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများက အေးချမ်းပျော်ရွှင်စွာ အတူဆင်နွှဲခဲ့ကြပြီး စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၊ အပြင်သည် ပွဲတော်လာပရိသတ်များဖြင့် အထူးပင်စည်ကားခဲ့ပါသည်။

> **“တန်ဆောင်မုန်းလသည် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပွဲတော်၊ ဆေးပေါင်းခ မဲဇလီဖူးသုပ် ဝေငှပွဲတော်၊ ပုံ့သကူအလှူတော်၊ နိဗ္ဗာန်ဈေးပွဲတော်များ၊ ကျီးမနိုးပွဲတော်၊ သာမညဖလအခါတော်နေ့ပွဲတော်များဟူသော ပွဲတော်အလှူတော်များဖြင့် ထင်ရှားလေးနက်သည့် လတစ်လလည်းဖြစ်”**

တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲတွင် တေးသီချင်း ကပြဖျော်ဖြေခြင်းများ၊ မီးပုံးပျံငယ်များ တစ်ပြိုင်နက်လွှတ်တင်ခြင်းများ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများကို ရင်သပ်ရှုမောဖွယ် ကြည့်ရှုခံစားခဲ့ရသည်။ ရောင်စုံမီးရှူးမီးပန်းများနှင့် မီးပုံးပျံလေးများက တန်ဆောင်တိုင်ညအလှနှင့် ပနံသင့်၊ လှပ မြူတစွာဖြင့် ညကောင်းကင်ယံထက်တစ်ခွင် လှလှပပ မြူးမြူးကြွကြွ ပျံတက်သွားသည်ကို ကြည်နူးဖွယ် ဝမ်းမြောက်ဖွယ်ရှုမြင်ခဲ့ရသည်။ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ပြိုင်ပွဲအသွင် ကျင်းပနိုင်ခဲ့သည်မှာ အံ့သြစရာတစ်ခုပါ။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ အထူးသဖြင့် ပြိုင်ပွဲဝင် ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်ပူဇော် ယှဉ်ပြိုင်ပွဲများကား အလွန်ပင် တက်ကြွဖွယ်အတိဖြစ်သည်။

ထိုပြိုင်ပွဲများတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ တက်တက်ကြွကြွဝင်ရောက်ယှဉ်ပြိုင်နေမှုကို အားပေးကြည့်ရှုရသည်က ကျွန်မအတွက် အားကျ၊ အားရစရာလည်း ဖြစ်ရသည်။ ပြိုင်ပွဲဝင် မီးပုံးပျံများပေါ်တွင် ရောင်စုံပန်းချီများဖြင့် လှလှပပခြယ်သထားသည်မှာ အလွန်ရင်သပ်ရှုမောဖွယ်ရာပင်။ ခမ်းနားထည်ဝါမှုနှင့် တက်ကြွမှုကို တစ်ပြိုင်တည်း ခံစားလိုက်ရသည်။ စိန်နားပန်မီးပုံးပျံအလှကလည်း ရင်ခုန်ဖွယ်အတိ၊ ပြိုင်ပွဲအသွင်ဖြစ်သည့်အတွက် ရင်တမမနှင့် ကြည့်ရှုခဲ့ရသည်။ မာရဝိဇယဘုရားကြီး ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးအလှအပများကြောင့်လည်း ဘုရားပရိဝုဏ်ကြီးက ပို၍ကျက်သရေရှိသွားသည့်အပြင် ရောင်စုံမီးပုံးပျံများ၏ အလှအပများကြောင့်လည်း ပိုမိုတင့်တယ်သွားရပါတော့သည်။

## မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်း

တန်ဆောင်မုန်းလတွင် ထူးခြားသည့် နောက်ထပ်အလှူပွဲတစ်ခုကား မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ထုံးတမ်းအစဉ်အလာကောင်းတစ်ခုလည်းဖြစ်သည်။ အရုဏ်မတက်မီ ရက်ပြီး၊ ချုပ်ပြီး၍ ရသောသင်္ကန်းကို မြတ်စွာဘုရားအား ရည်စူးကပ်လှူကြရာမှ ထိုသင်္ကန်းကို မသိုးသင်္ကန်းဟု ခေါ်ကြောင်း မှတ်သားဖူးပါသည်။ ထို့ကြောင့်လည်း တန်ဆောင်မုန်းလအခါသမယတွင် နိုင်ငံတစ်ဝန်း အမြို့မြို့အနယ်နယ်၌ မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်ပူဇော်ခြင်း အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်လေ့ရှိသည့်အတိုင်း မာရဝိဇယဘုရားကြီးအတွင်းတွင်လည်း မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်းကို ပြိုင်ပွဲအသွင် ကျင်းပပြုလုပ်သည်မှာ တတိယအကြိမ်ဖြစ်ကြောင်း သိရှိရပါသည်။ တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များ စတင်ရက်လုပ်ပြီး လပြည့်နေ့ အရုဏ်မတက်မီအချိန် အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရှိရသည်။

ထူးခြားသည့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်း ပြိုင်ပွဲကို ကမ္ဘာ့အမြင့်ဆုံး ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်ကို ပထမဆုံးအကြိမ် ကြည့်ရှုအားပေးခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ပီတိ ဖြစ်ခဲ့ရပါသည်။ အချိန်တိုအတွင်း ရက်လုပ်ရသည့်အတွက် ပြိုင်ပွဲဝင်များ၏ စည်းလုံးမှု၊ ဇွဲ၊ လုံ့လဝီရိယနှင့် စိတ်ရှည်သည်းခံမှုများ၊ ကုသိုလ်တရား၏ စေ့ဆော်မှုနှင့်အတူ သင်္ကန်းရက်လုပ်ကျွမ်းကျင်ပိုင်နိုင်ပုံများကို တွေ့မြင်ခွင့်ရသည့်အတွက်လည်း ပြိုင်ပွဲဝင်များနှင့် ထပ်တူကုသိုလ်ထူးတစ်ခု ရရှိခဲ့ပါသည်။ ပို၍ပင် ဝမ်းမြောက်ကြည်နူးဖြစ်ခဲ့ရသည်။

## ပွဲဈေးတန်းတွင် လျှောက်လည်ကာ ပျော်စရာဖွေရှာ

တန်ဆောင်တိုင်ပွဲဈေးအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချသည်ကိုလည်း လည်ပတ်ခွင့်ရခဲ့သည်။ လေ့လာခွင့်ရခဲ့သည်။ ဈေးသက်သက်သာသာဖြင့် ဝယ်ယူခွင့်ရသည့်အတွက် ပျော်စရာလည်း ဖြစ်ခဲ့ရသည်။

ပွဲတော်ဈေးတွင် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော ဧည့်ပရိသတ်များက ကျောက်ပန်းချီများနှင့် ကျောက်မျက်ရတနာများ၊ လက်မှုပန်းချီများ၊ ချည်ထည်၊ အဝတ်အထည်များ၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရပစ္စည်းများအဖြစ် စိတ်ကြိုက်ဝယ်ယူခွင့်ရခဲ့ကြသည်။ ထို့ပြင် မြန်မာမုန့်မျိုးစုံ၊ ရှမ်းအစားအစာ၊ ရခိုင်အစားအစာ အပါအဝင် အခြားစားသောက်ဖွယ်ရာ ဈေးဆိုင်များတွင် အရသာသစ်များကို မြည်းစမ်းကြသူများ၊ ဝယ်ယူစားသုံးကြသူများဖြင့် အထူးစည်ကားခဲ့သည်။ ဤသည်မှာ တန်ဆောင်တိုင်ပွဲတော်ကို အခြေပြု၍ MSME လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းတစ်ခုပင်ဖြစ်ပါသည်။ စားသုံးသူများနှင့် တိုက်ရိုက်ထိတွေ့ ရောင်းချခွင့်ရသည့်အတွက် စားသုံးသူများအနေဖြင့်လည်း အရည်အသွေးမြင့် ဒေသထုတ်ကုန်များ၊ ဒေသအစားအစာများကို တိုက်ရိုက်ဝယ်ယူခွင့်၊ စားသုံးခွင့် အခွင့်အရေးကောင်းတစ်ခုရခဲ့သည်ဟု ဆိုနိုင်သည်။

ပွဲတော်ကျင်းပသည့် သုံးရက်တာအတွင်း ဈေးပွဲတော်နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များက သီဆိုဖျော်ဖြေခဲ့ကြသည်။

စာမျက်နှာ ၇ သို့ ■

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄၉ ရက်**

**သာ လိုတော့သည်။**

## စစ်ကိုင်းမြို့နယ်အတွင်းရှိ လျှောင်ဘေးသင့်နေအိမ်များအား အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်

မုံရွာ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ လျှောင်ဘေးသင့်နေအိမ်များအား အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ လျှောင်ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌထံ စစ်ကိုင်းမြို့နယ်အတွင်းရှိ လျှောင်ဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေကျပ် ၅၀၅၇၂ သန်းကို ပေးအပ်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက စစ်ကိုင်းခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံ လျှောင်ဘေးသင့်အိမ်ထောင်စုများအတွက် အိမ်ဆောက်ပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ် ရုံးဝင်းအတွင်း၌ စစ်ကိုင်းမြို့နယ်အတွင်းရှိလျှောင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ဘိလပ်မြေ၊ သံ၊ သွပ်များ ခွဲဝေဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် လျှောင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ နှစ်ထပ်ကျောင်းဆောင် အဆောက်အအုံ ပြန်လည်ပြုပြင်နေမှုနှင့် ရန်နိုင်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)ရှိ ကျောင်းဆောင်အဆောက်အအုံသစ်တည်ဆောက်နေမှု၊ ထုံးဘိုရပ်ကွက်ရှိ RC တစ်ထပ် အဆောက်အအုံသစ် တည်ဆောက်နေမှု၊ ရွှေမင်းဝံရပ်ကွက်ရှိ လေ့ကျင့်ရေး အထက်တန်းကျောင်းဝင်းအတွင်း ကျောင်းဆောင် အဆောက်အအုံသစ် တည်ဆောက်နေမှု၊ ပတ္တမြားရပ်ကွက်ရှိ အမှတ်(၂၀)အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အတွင်း ကျောင်းဆောင် အဆောက်အအုံသစ် တည်ဆောက်နေမှုနှင့် မကျီးစင်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်း အတွင်းကျောင်းဆောင်အဆောက်အအုံသစ် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ဘဏ္ဍာနှစ်တွင် စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိတ္ထီလာခရိုင်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ပြည့်အငြိမ်းစား ယူသည့် ဝန်ထမ်းခြောက်ဦးအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများကိုလည်းကောင်း၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်း ၅၄ ဦးအား ဆန်၊ ဆီနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



■ စာမျက်နှာ ၆ မှ

အခမ့်ဖျော်ဖြေရေး အစီအစဉ်ဖြစ်ပြီး နိုင်ငံကျော် အနုပညာရှင်များ၏ ခေတ်ပေါ်တေးဂီတ စတိတ်ရှိုးပွဲများတွင် လူငယ် လူရွယ်များ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်စွာကခုန်နေကြပုံမှာလည်း အခြားသူများထံ အပျော်များကူးစက်စေသည်။ တေးသံရှင်များ၏ တေးသီချင်းများ မြူးမြူးကြွကြွ သီဆိုဖျော်ဖြေမှုများကို ပရိသတ်များက အတူလိုက်ပါ စီးမြောကခုန်ရင်း စိတ်အပန်းပြေ လွတ်လပ်မှုကို အပြည့်အဝခံစားခဲ့ရသည်။

အလားတူ နိုင်ငံကျော်ဇာတ်သဘင်မင်းသားဖိုးချစ်၏ ခေတ်မီဇာတ်သဘင်စင်မြင့် အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်းတူရိယာများ ပေါင်းစပ်တီးခတ်မှုများကလည်း တစ်မျိုးဆန်းသစ်ပြီး မြူးမြူးကြွကြွ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ ထူးခြားပြောင်မြောက်သည့် ဇာတ်သဘင်အနုပညာ ပေါင်းစပ်ဖျော်ဖြေတင်ဆက်မှုများက ပရိသတ်ကြီးငယ်မရွေး အကြိုက်တွေ့စေခဲ့သည့်အပြင် မြန်မာ့ဇာတ်သဘင် ခေတ်မီဆန်းသစ်မှုများက တန်ဆောင်တိုင်အလှကို ပိုမိုထင်ဟပ်စေခဲ့သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများနှင့် ကလေးသူငယ်များ စိတ်အပန်းပြေ ပျော်ရွှင်မှုရှိစေရေး ကလေးကစားနည်းမျိုးစုံကို ထည့်သွင်းစီစဉ်ထားသည့်အတွက်လည်း လူကြီးများအတွက်သာမက ကလေးငယ်များအတွက်လည်း မည်မျှအလေးထားသည်ကို ဖော်ပြရာရောက်ပါသည်။

> ❝ဤအနှစ်များကိုယူ၍ ရတနာသုံးပါးကို ပို၍ ကြည်ညိုသင့်ကြသည်။ မိဘဆရာသမားများကို ပို၍ဂါရဝတရား ထားသင့်ကြပါသည်။ ကံ၊ ကံ၏အကျိုးကို ပို၍ယုံကြည်သင့်ပါသည်။ အမှန်တကယ်ပင် ကျွန်မတို့ ဗုဒ္ဓဘာသာဝင်အားလုံးသည် တန်ဆောင်မုန်းလပြည့်နေ့မှာ မသိုးသင်္ကန်းကို မြတ်စွာဘုရားထံပူဇော်ခြင်းကဲ့သို့သော ကုသိုလ်အထူးကို ပြုခဲ့ကြပြီဖြစ်၍ မင်းနှင့်ပြည်သူ၊ ပြည်သူအချင်းချင်း အကြား ချစ်ကြည်ရင်းနှီးမှုဖြင့် မြဲမြံသည့် ကထိနကုသိုလ်ကို လက်ဝယ်ပိုင်ပိုင်ရခဲ့ကြပါပြီ❞

**လုံခြုံမှုအတွက်လည်း မပူပင်ရ**

ပျော်ပွဲရွှင်ပွဲ၊ ဘုရားပွဲ မည်သည့်အခမ်းအနားမဆို လုံခြုံမှုက အရေးကြီးပါသည်။ ပါဝင်ဆင်နွှဲသည့် ပြည်သူအများ အေးချမ်းပျော်ရွှင်ရန်၊ ဘေးကင်းရန်ရှင်းရန်အတွက်လည်း လုံခြုံရေးက အရေးကြီးလှသည်။ အစားအသောက်လုံခြုံရေးကို ဂရုစိုက်ရမည်ဖြစ်သလို ကျန်းမာမှုလုံခြုံရေးကိုလည်း အထူးအလေးထားရမည်မှာ တာဝန်တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျရှိစေရန်အတွက်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများက ပွဲတော်လာပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ပါက ကုသမှုပေးနိုင်ရန်အတွက် ဆေးခန်းများဖွင့်လှစ်၍လည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီက ပွဲတော်သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ သိမ်းဆည်းခြင်းကိုလည်းကောင်း ပွဲတော်ကျင်းပသည့် သုံးရက်တာအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြကြောင်း သိရှိရပါသည်။

အချုပ်အားဖြင့် တန်ဆောင်တိုင်ဟူသည် လေးနက်လွန်းလှပါသည်။ ပျော်ပွဲရွှင်ပွဲသာမက မိမိတို့မှာ သာသနာ့တာဝန်ရှိနေသည်ကိုလည်း မမေ့အပ်ပါ။ အပျော်လွန်လျှင် အကုသိုလ်ဖြစ်၊ အပယ်လားမည်ကို သတိပြုရပါမည်။ သာသနာ့ဝန်ကိုထမ်းခွင့်ရ၍ ကုသိုလ်ထူးလျှင် သုဂတိဘုံ (ကောင်းသောဘဝသို့ ) လားရောက်ရပါမည်။ အနှစ်သာရအားဖြင့် တန်ဆောင်တိုင်လပြည့်ကို သာမညဖလအခါထူးအဖြစ် ဆင်ခြင်သင့်သည်။ သာမညဖလသုတ်တော်လာ အဇာတသတ်မင်းကြီး၏ ဘဝဖြစ်စဉ်ကို အထူးသတိရသင့်သည်။ ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးများကို ယခုထက် နားလည်ထားသင့်ပါသည်။

**ဤအနှစ်များကိုယူ၍ ရတနာသုံးပါးကို ပို၍ ကြည်ညိုသင့်ကြသည်။ မိဘဆရာသမားများကို ပို၍ဂါရဝတရား ထားသင့်ကြပါသည်။ ကံ၊ ကံ၏အကျိုးကို ပို၍ယုံကြည်သင့်ပါသည်။ အမှန်တကယ်ပင် ကျွန်မတို့ ဗုဒ္ဓဘာသာဝင်အားလုံးသည် တန်ဆောင်မုန်းလပြည့်နေ့မှာ မသိုးသင်္ကန်းကို မြတ်စွာဘုရားထံပူဇော်ခြင်းကဲ့သို့သော ကုသိုလ်အထူးကို ပြုခဲ့ကြပြီဖြစ်၍ မင်းနှင့်ပြည်သူ၊ ပြည်သူအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှုဖြင့် မြဲမြံသည့် ကထိနကုသိုလ်ကို လက်ဝယ်ပိုင်ပိုင်ရခဲ့ကြပါပြီ။** ။





KK Park အတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

**■ KK Park မှ**

နှစ်ထပ် KTV အဆောက်အအုံ တစ်လုံး၊ နှစ်ထပ် SPA အဆောက်အအုံ တစ်လုံး၊ လေးထပ်ဆေးရုံ အဆောက်အအုံ တစ်လုံး၊ နှစ်ထပ် Canteen အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်ဈေးဆိုင် အဆောက်အအုံ နှစ်လုံး၊ သုံးထပ်လူနေလိုင်းခန်း အဆောက်အအုံ သုံးလုံး စုစုပေါင်း အဆောက်အအုံ ၁၄၈ လုံး တည်ရှိခဲ့သည်။

ထို့ပြင် ပန်းခြံများ၊ အားကစားရုံများ၊ ဖူဆယ်ကွင်းများ၊ ပိုက်ကျော်ခြင်း ကွင်းများ၊ ဘက်စကက်ဘောကွင်းများလည်း တည်ရှိပြီး ယခုအခါ ယင်းနယ်မြေအတွင်းရှိ အဆောက်အအုံများအားလုံးကို ဖြိုချဖျက်ဆီးလျက်ရှိရာ အဆောက်အအုံ ၁၀၁ လုံးကို ဖြိုချဖျက်ဆီးပြီး ကျန်ရှိသည့် ၄၇ လုံးကိုလည်း ဆက်လက် ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ နယ်မြေအတွင်း နယ်စပ် လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်မှာ ထိုင်းနိုင်ငံကိုတစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်လျက် ရှိသည့် အပြင် ကရင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ် အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေစစ်ဆေးရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၉ သို့ ■

**ဖြိုချဖျက်ဆီး**

KK Park အတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။





KK Park အတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

■ စာမျက်နှာ ၈ မှ

အဆိုပါ မြဝတီ-မဲ့ထော်သလေး နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀၇၆၂ ဦးကို စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ယင်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင် လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၅၉ ဦးကိုလည်း သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**အောင်ဂျိုး**
**ဓာတ်ပုံ-မင်းမင်း**





KK Park အတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

## ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း


**နေပြည်တော် နိုဝင်ဘာ ၈**

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ် ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များအမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

**မိုး/ဇလ**

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ




## အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏(၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**တံတားဦး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်/မြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၁၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက တံတားဦးမြို့ အမှတ်(၂) ရပ်ကွက် ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည် ။



အခမ်းအနားတွင် တံတားဦးခရိုင် /မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ပေးပို့လာသည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဖြစ်ပေါ်လာပုံ Video Clip အားပြသပြီး တံတားဦးခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တံတားဦးခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား ပျော်ပွဲရွှင်ပွဲအဖြစ် ကံစမ်းမဲအစီအစဉ်ဖြင့် မဲဖောက်ပေးကြောင်း သိရသည်။

**မြို့နယ် ( ပြန်/ဆက်)**

## ရေကြည်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ မီးဘေးအန္တရာယ်လုံခြုံရေး စစ်ဆေး

**ရေကြည် နိုဝင်ဘာ ၈**

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း စာသင်ကျောင်းများ မီးဘေးအန္တရာယ် လုံခြုံရေးအတွက် လိုက်လံစစ်ဆေးအကြံပြုခြင်းကို ယနေ့ နံနက်ပိုင်းက ရပ်ကွက်/ကျေးရွာအုပ်စုများ၌ ဆောင်ရွက်သည်။



အဆိုပါမြို့နယ်အတွင်းရှိစာသင်ကျောင်းများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက အချိန်မီငြှိမ်းသတ်နိုင်ရေးတို့ အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အား မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ရုံး၊ မြို့နယ်ပညာရေးမှူးရုံး၊ သက်ဆိုင်ရာ ကျောင်းတာဝန်ရှိသူများနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေး အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**မော်လမြိုင် နိုဝင်ဘာ ၈**

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ဘာသာတရားကိုင်းရှိုင်းပြီး ယဉ်ကျေးလိမ္မာစေရန်နှင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ပထမအကြိမ် ကျင်းပသည့် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဆိုင်ရာနှုတ်ဖြေပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ မြစေတီစာသင်တိုက် ဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ၏ (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဩဝါဒါစရိယ ဆရာတော် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပထမဆုရရှိသည့် နှုတ်ဖြေပြိုင်ပွဲဝင် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုရရှိကြသည့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# တန့်ယန်းမြို့နယ်၌ (၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

**တန့်ယန်း နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသမိုင်းကြောင်းနှင့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ထူးချွန်ဆုရဝန်ထမ်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် “ဓနရွှေပြည်” အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက (၆၆)ရပ်ကွက် အင်းဝအိမ်ရာ ဓမ္မာရုံ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါ်ခင်စံပယ်သင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် အသင်းစာရင်းစစ်အဖွဲ့ အစီရင်ခံစာတို့ကို ဖတ်ကြားပြီး တက်ရောက်လာသော အသင်းသားများက သဘောတူကြသဖြင့် သဘာပတိက အတည်ပြုသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော အသင်းသားများအား တစ်ဦးလျှင် စားသုံးဆီ ၅၀ ကျပ်သားစီနှင့် အသင်းသား ၄၂၇ ဦးအား စုဆောင်းငွေပေါ်အတိုးနှင့် အသင်းသားအကျိုးဝေစုများကို ပေးအပ်ပြီး အသင်းအမှုဆောင်များအား အမှုဆောင်ချီးမြှင့်စရိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

နေမျိုးအောင်(ဒဂုံတောင်)




# မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**မင်းဘူး နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားယူသွားသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ဝန်ထမ်းများအား တူညီဝတ်စုံများ ပေးအပ်ခြင်း၊ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

# တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ထားဝယ် နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပုလဲကူ-ရေဖြူလမ်း ၁/၆ မိုင်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ယမန်နေ့မွန်းလွဲပိုင်းက လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရေဖြူမြို့နယ် ပုလဲကူ-ရေဖြူလမ်း ၁/၆ မိုင်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေးနှင့် အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေးတို့အတွက် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)





မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ရဲနိုင်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၇ ရက်က ပုဂ္ဂလိကပိုင်နေလအထွေထွေရောဂါကုဆေးရုံ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ မောင်မျိုးမင်း

# မန်းရတနာပုံလေကြောင်းလိုင်းမှ အာမခံအလုပ်သမား၏ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေလုံးငွေရင်းအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**တောင်ကြီး နိုဝင်ဘာ ၈**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မန်းရတနာပုံလေကြောင်းလိုင်းမှ အာမခံအလုပ်သမား ဦးဝေယံမင်း၏ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေလုံးငွေရင်းအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ဟဲဟိုးမြို့ မန်းရတနာပုံလေကြောင်းလိုင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာနအောက်မှ မိတ်ဖက်ဌာနများ၊ လူမှုဖူလုံရေးအဖွဲ့မှဝန်ထမ်းများ၊ မန်းရတနာပုံလေကြောင်းလိုင်းနှင့် မြန်မာ့လေကြောင်းလိုင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော အလုပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ရှမ်းပြည်နယ်တာဝန်ခံဒုတိယညွှန်ကြားရေးမှူးက အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၈၆၀၈၃၂၀ ကို မန်းရတနာပုံလေကြောင်းလိုင်းမှ ဦးဝေယံမင်းထံသို့ ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်



**ကျောက်မဲ နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ကျင်းပရာ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ် ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ကျောက်မဲဒေသတွင် နယ်မြေဒေသအခြေအနေအရ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ ကျောက်မဲ မြန်မာ့စီးပွားရေးဘဏ်ခွဲကို ယာယီပိတ်သိမ်းခဲ့ရကြောင်း၊ ယခုအခါ ကျောက်မဲမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယနေ့မှစ၍ ဘဏ်ကိုပြန်လည်ဖွင့်လှစ်ပြီး နိုင်ငံတစ်ဝန်း ငွေလွှဲခြင်းလုပ်ငန်း၊ စာရင်းရှင်စာရင်းဖွင့်သည့်လုပ်ငန်း၊ အငြိမ်းစားလစာထုတ်သည့်လုပ်ငန်း၊ ငွေစုဆောင်းအပ်နှံခြင်းလုပ်ငန်း အစရှိသည့် ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး၊ ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တာဝန်ရှိသူများသည် ဘဏ်မှ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေသည့်အခြေအနေများကိုကြည့်ရှု၍ သက်ကြီးရွယ်အို အငြိမ်းစားပင်စင်စား ဝန်ထမ်းများအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ လျှပ်စစ်မီးများ ပြန်လည်ရရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်မှု ချေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorism Operation) ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အကြမ်းဖက်သမားများက ကျောက်မဲမြို့အား ခေတ္တထိန်းချုပ်ထားစဉ်ကာလအတွင်း ဌာနဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မီးရှို့၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် စာသင်ကျောင်းနှင့် ဆေးရုံဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် လျှပ်စစ်ဓာတ်အားများကိုလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ကျောက်မဲမြို့နယ်ရှိ နမ့်စောင်းငေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၄ ရက် ညနေ ၆ နာရီတွင် လက်ခံရရှိခဲ့ပြီး အဆိုပါဓာတ်အားလိုင်းမှတစ်ဆင့် ၁၁/၀.၄ ကေဗွီ ၄၀၀ ကေဗွီအေ ရဲစခန်းထရန်စဖော်မာ၊ ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ကမ္ဘောဇ ထရန်စဖော်မာ၊ ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ လျှပ်စစ်ရုံးယာယီထရန်စဖော်မာနှင့် ၁၁/၀.၄ ကေဗွီ ၅၀ ကေဗွီအေ ဆေးရုံယာယီထရန်စဖော်မာတို့အား ဓာတ်အားများ ပို့လွှတ်ပေးနိုင်ခဲ့သည်။

အဆိုပါထရန်စဖော်မာများသို့ ဓာတ်အားပို့လွှတ်ပေးနိုင်မှုကြောင့် ဌာနဆိုင်ရာများ ယာယီရုံး(ကမ္ဘောဇရှမ်းကျောင်းကြီး)၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်/မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ခရိုင်စီမံကိန်းရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စာရင်းရုံး၊ မြို့မရဲစခန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဦးစီးဌာန၊ ပြည်သူ့ဆေးရုံနှင့် ခရိုင်/ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမတို့၌ လျှပ်စစ်မီးများ ပြန်လည်ရရှိနေပြီဖြစ်ပြီး ကျန်ရှိသည့်နေရာများကို တာဝန်ရှိသူများနှင့် ပူးပေါင်း၍ လျှပ်စစ်မီးများအမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ကျောက်မဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လျှပ်စစ်မီး ပြန်လည်ရရှိမှု။



ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ လျှပ်စစ်မီး ပြန်လည်ရရှိမှု။




ကျောက်မဲမြို့မရဲစခန်း လျှပ်စစ်မီး ပြန်လည်ရရှိမှု။



ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ် လျှပ်စစ်မီး ပြန်လည်ရရှိမှု။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများ သင်ထောက်ကူပစ္စည်း လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်



ရန်ကုန် နိုဝင်ဘာ ၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများသင်ထောက်ကူပစ္စည်းလက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နည်းပညာအသုံးပြုသင်ယူခြင်း (High-Tech Learning)၊ သင်ကြားပို့ချသူ ဆရာအဖြစ်သင်ယူခြင်း (High-Touch Learning)၊ ပေါင်းစပ်သင်ကြားသင်ယူခြင်း (Blended Learning) စသည့် နည်းလမ်းများဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုအခွင့်အလမ်းများရရှိစေရန် ကြိုးစားဆောင်ရွက်ကြရန်၊ ၂၁ ရာစုကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရန် မေတ္တာ၊ ကရုဏာ၊ မုဒိတာစိတ်အပြည့်ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသီတာအေးက သင်တန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က လက်ခံရယူကာ သင်တန်းပို့ချနေသည်များကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ စုစုပေါင်း သင်တန်းသား ၂၁၉၁ ဦးအား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ် ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ဂန့်ဂေါမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ



ဂန့်ဂေါ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို နိုဝင်ဘာ ၆ ရက် မွန်းလွဲပိုင်းက ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၌ ကျင်းပသည်။

ဦးစွာ ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲရန်ပိုင်က အမှာစကားပြောကြားကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ထည့်သွင်းကျင်းပခဲ့သည့် အခြေခံပညာအထက်တန်း/အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အခြေခံပညာ အထက်တန်း/အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပညာမူလတန်းအဆင့် ပုံပြင်ပြော/ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် Never Stop Learning Talk Show တွင် ပါဝင်ဆွေးနွေးခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် အမှတ်တရလက်ဆောင်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်မျိုးမင်း



# ဒဂုံတက္ကသိုလ်၌ သစ်တောထိန်းသိမ်းရေး အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ဒဂုံတက္ကသိုလ်တို့ပူးပေါင်း၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ဖွဲ့မင်းထက်(ပြန်/ဆက်)

# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာဟောပြောပွဲ ကျင်းပ



ကျိုက်ထို နိုဝင်ဘာ ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ကျိုက်ထိုမြို့ ကော့ထင်းကျေးရွာရှိ မူလွန်ကော့ထင်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာဟောပြောပွဲကို ဆောင်ရွက်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ရှိန်မြှင့်တင်ရေးအနေဖြင့် လူငယ်နှင့်ကိုယ်ကျင့်တရား၊ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ကျောင်းသား ကျောင်းသူများအားလပ်ချိန်တွင်အချိန်ကို အကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသူ ကျောင်းသားများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များစသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေးစသည့် အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



# ညောင်တုန်းမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေး

ညောင်တုန်း နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးငြိမ်းသတ်ခြင်းဆိုင်ရာ အကြောင်းအရာများကို စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

ရောဦးသာ

○ **ကျောဖုံးမှ**

အား/ကာသိပ္ပံအသင်းသည် ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့်တွင် ပထမဆုံးယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် နောက်ဆုံးအဆင့်တွင် အာရှထိပ်သီးနိုင်ငံများမှ ကလပ်အသင်းများနှင့် တစ်အုပ်စုတည်း ကျရောက်နေသဖြင့် ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန် အခြားကလပ်အသင်းများမှ လက်ရွေးစင်ကစားသမားကိုးဦးအား ကာလတိုအငှားစာချုပ်ဖြင့် ခေါ်ယူထားသည်။

ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုသုံးခုမှ အမှတ်အများဆုံး ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်းရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ကိုညီလေး

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အပူပိုင်းသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ရန် သဘောတူညီ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၈**

ဘရာဇီးနိုင်ငံ၌ ကျင်းပသည့် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့ခေါင်းဆောင်များက အပူပိုင်းသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်ရက်ကြာ ထိပ်သီးဆွေးနွေးပွဲကို အမေဇုန်မြစ်ဝကျွန်းပေါ်ဒေသရှိ ဘီလမ်မြို့၌ နိုဝင်ဘာ ၆ ရက်တွင် စတင်ခဲ့သည်။ ကုလသမဂ္ဂရာသီဥတုဆိုင်ရာညီလာခံ COP30 မတိုင်မီ ကျင်းပသည့် အစည်းအဝေးဖြစ်သည်။

နိုင်ငံနှင့် ဒေသပေါင်း ၅၀ ကျော်မှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် ငွေကြေးအင်အား ခိုင်မာရန် အရေးတကြီး လိုအပ်နေကြောင်း ပလောင်းနိုင်ငံသမ္မတ ဆူရန်ဂျယ်ဝစ်က ပြောကြားခဲ့သည်။ ပလောင်းနိုင်ငံသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် ခြိမ်းခြောက်ခံနေရသော ပစိဖိတ်ကျွန်းနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

ထို့ပြင် ဘရာဇီးအစိုးရက အဆိုပြုထားသည့် အပူပိုင်းသစ်တော Forest Forever Facility အကောင်အထည်ဖော်ဆောင်မည့် ပဏာမခြေလှမ်းကို အစည်းအဝေးသို့ တက်ရောက်လာသည့် ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၅၀ ကျော်က ထောက်ခံခဲ့သည်။

အဆိုပါရန်ပုံငွေအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၅ ဘီလီယံ စုဆောင်းရန် ရည်မှန်းထားသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးကြိုးပမ်းမှုသည် အရေးပါသည့် ပဏာမခြေလှမ်းဖြစ်ကြောင်းနှင့် သစ်တောပြုန်းတီးမှုသည် ယခုထက်ပိုမိုများပြားလာပါက ကမ္ဘာတစ်ဝန်း၌ ဆိုးကျိုးများကို ခံစားရမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးဗားက သတိပေး ပြောကြားခဲ့သည်။




လာမည့်ရက်သတ္တပတ်အတွင်း စတင်မည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာညီလာခံ COP30 တွင် နိုင်ငံ့ခေါင်းဆောင်များက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့်ပတ်သက်ပြီး နည်းလမ်းကောင်းများကို ရှာဖွေမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်နိုင်ငံတစ်ဝန်း၌ လေကြောင်းခရီးစဉ် ၁၀ ရာခိုင်နှုန်း လျှော့ချ

**ဝါရှင်တန် နိုဝင်ဘာ ၈**

အမေရိကန်အစိုးရ၏ ယန္တရားရပ်တန့်နေစဉ်အတွင်း လေကြောင်းထိန်းချုပ်ရေးဝန်ထမ်းများပြတ်လပ်မှုကြောင့် နိုင်ငံတစ်ဝန်းရှိ လေဆိပ် ၄၀ ၏ လေကြောင်းခရီးစဉ် ၁၀ ရာခိုင်နှုန်း လျှော့ချခဲ့ကြောင်း သိရသည်။

သယ်ယူပို့ဆောင်ရေးဝန်ကြီး ဆီးဒက်ဖီနှင့် အခြားသော အစိုးရတာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

လေကြောင်းပျံသန်းမှု လျှော့ချခြင်းကို နိုဝင်ဘာ ၇ ရက်တွင်စတင်ခဲ့ကြောင်း သိရသည်။

လေကြောင်းခရီးစဉ်လျှော့ချသည့် လေဆိပ်များတွင် နယူးယောက်၊ ဝါရှင်တန်၊ လော့စ်အိန်ဂျလိစ်၊ ချီကာဂိုနှင့် ဟူစတန်အစရှိသည့် မြို့ကြီးများမှ လေဆိပ်များပါဝင်သည်။

အင်အားကြီးနိုင်ငံရေးပါတီနှစ်ခုကြား အသုံးစရိတ်ဥပဒေမူကြမ်းကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အမေရိကန်သမိုင်းတွင် အရှည်ကြာဆုံး အစိုးရယန္တရား ရပ်တန့်မှုအတွင်း အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဖက်ဒရယ်ဝန်ဆောင်မှုအများအပြားကို အောက်တိုဘာ ၁ ရက်ကတည်းက ရပ်ဆိုင်းထားကြောင်း သိရသည်။

ဝေဟင်ပိုင်နက် လုံခြုံရေးအတွက် ပျံသန်းမှုဖြတ်တောက်ရန် လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အခကြေးငွေ မရရှိသောကြောင့် လေကြောင်းထိန်းချုပ်ရေးဝန်ထမ်းများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ခြင်းကို ရပ်နားထားခြင်းဖြစ်သည်။

အမေရိကန်လေကြောင်းလိုင်းကြီးများသည် နိုင်ငံတကာလေကြောင်းခရီးစဉ်များအပြင် အဓိကလေဆိပ်များနှင့် ချိတ်ဆက်ထားသော



ပြည်တွင်းခရီးစဉ်များကိုလည်း ခရီးစဉ်လျှော့ချမှုများ ဆက်လက်လုပ်ဆောင်သွားရန် စီစဉ်ထားသည်။

ဖျက်သိမ်းသည့် လေကြောင်းခရီးစဉ်များအတွက် ခရီးသည်များအား လေကြောင်းလိုင်းပြောင်းရွှေ့ပေးခြင်း သို့မဟုတ် ငွေပြန်အမ်းခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

နိုဝင်ဘာလနှောင်းပိုင်းတွင် ကျေးဇူးတော်နေ့အားလပ်ရက်အတွင်း ခရီးသွားလာမှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

အစိုးရပိတ်သိမ်းမှုအဆုံးသတ်ရေးတွင် လွှတ်တော်ကိုယ်စားလှယ်များသည် တိုးတက်မှုအနည်းငယ်မျှသာ ရှိခဲ့သည်။ ပါတီနှစ်ရပ်လုံး၏ အဖွဲ့ဝင်အချို့က အသုံးစရိတ်ဥပဒေကြမ်းကို အတည်ပြုရန် တောင်းဆိုခဲ့သော်လည်း ယခုအချိန်အထိ သဘောတူညီမှုမရရှိသေးပေ။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး အစီအစဉ် ဒုတိယအဆင့်သို့ ရောက်ရှိရန် ဆွေးနွေး

**ဂါဇာစီးတီး နိုဝင်ဘာ ၈**

ဟားမတ်စ်ကိုယ်စားလှယ်အဖွဲ့က အစ္စတန်ဘူလ်မြို့၌ တူကီယဲထောက်လှမ်းရေးအေဂျင်စီ အကြီးအကဲနှင့် တွေ့ဆုံပြီး အမေရိကန်သမ္မတ တင်သွင်းခဲ့သည့် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအစီအစဉ် ဒုတိယအဆင့်ကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဟားမတ်စ်အကြီးတန်းအရာရှိ ခါလီအယ်လ်ဟေယာက တူကီယဲထောက်လှမ်းရေးအေဂျင်စီ အကြီးအကဲ အီဘရာဟင်ကာလင်တို့က အပစ်အခတ်ရပ်စဲရေး ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် ဆွေးနွေးခဲ့သည်။

ငြိမ်းချမ်းရေးအစီအစဉ်၏ ဒုတိယအဆင့်မှာ ဂါဇာကမ်းမြောင်ဒေသတွင် နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့များ ဖြန့်ကျက်ထားရန်နှင့် ဟားမတ်စ်အဖွဲ့အား လက်နက်ဖျက်သိမ်းရေးနှင့် ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်များ ဆုတ်ခွာပေးရန် ပါဝင်သည်။

အလားတူ ကုလသမဂ္ဂအဖွဲ့ကလည်း ငြိမ်းချမ်းရေးအစီအစဉ် ဒုတိယအဆင့်သို့ရောက်ရှိရန် ကြိုးပမ်းလျက်ရှိသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး မိုက်ခ်ဝေါ့ဇ်က အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီ၏ ရွေးကောက်ခံအဖွဲ့ဝင်များအပြင် အီဂျစ်၊ ကာတာနှင့် အခြားအာရပ်နိုင်ငံ သုံးနိုင်ငံတို့အား တင်ပြထားကြောင်း လူမှုမီဒီယာတွင် ရေးသားဖော်ပြခဲ့သည်။ ၎င်းတို့သည် အဆိုပါအစီအစဉ်အတွက် ထောက်ခံမှုကို ပြသခဲ့ကြောင်း ၎င်းက ပြောသည်။ အစီအစဉ်အသေးစိတ်ကို မသိရသေးသော်လည်း နိုင်ငံတကာ လုံခြုံရေးတပ်ဖွဲ့က အနည်းဆုံးနှစ်နှစ်ခန့် ဂါဇာဒေသ၌ တပ်ဖြန့်ထားမည်ဖြစ်ကြောင်း အမေရိကန်သတင်းဆိုက်တစ်ခုက ဖော်ပြခဲ့သည်။

အပစ်အခတ်ရပ်စဲထားသော်လည်း ဂါဇာရှိကလေးများသည် အာဟာရချို့တဲ့မှု ဆက်လက်ခံစားနေရကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီမှ ကျန်းမာရေးညွှန်ကြားရေးမှူး ဆီတာအာခီဟီရိုက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# အာရှဖွံ့ဖြိုးရေးဘဏ်က ဖိလစ်ပိုင်နိုင်ငံအား အမေရိကန်ဒေါ်လာ သုံးသန်း ကူညီမည်

**မနီလာ နိုဝင်ဘာ ၈**

အာရှဖွံ့ဖြိုးရေးဘဏ်က ဖိလစ်ပိုင်နိုင်ငံ၏ အရေးပေါ်နှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းမှုများကို ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် တိုင်ဖွန်းမုန်တိုင်းဒဏ်ကို ဆိုးရွားစွာ ထိခိုက်ခံစားခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ၂၀၄ ဦး သေဆုံးကာ ၁၀၉ ဦး ပျောက်ဆုံးခဲ့သည်။

ဖိလစ်ပိုင်အစိုးရ၏ တောင်းဆိုမှုအရ အာရှဖွံ့ဖြိုးရေးဘဏ်က ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သုံးသန်းအထိ ရရှိနိုင်ရန် စီမံထားကြောင်း နိုဝင်ဘာ ၇ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့်



အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည့်အတွက် ပြည်သူများနှင့်အတူ ထပ်တူ ဝမ်းနည်းရပါကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မာဆာတိုကန်ဒါက ပြောကြားခဲ့သည်။

အရေးပေါ်လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ ရောက်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကိုလည်း အကောင်အထည်ဖော်ရာရောက်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုင်ဖွန်းမုန်တိုင်းကြောင့်အပျက်အစီးများစွာ ဖြစ်ပေါ်ခဲ့ပြီးနောက် ဖိလစ်ပိုင်အစိုးရက နိုင်ငံတွင်း အရေးပေါ်အခြေအနေတစ်ရပ်ကို နိုဝင်ဘာ ၆ ရက်တွင် ကြေညာခဲ့သည်။

တစ်ချိန်တည်းတွင် နောက်ထပ် အင်အားပြင်း တိုင်ဖွန်းတစ်ခု ကုန်းတွင်းပိုင်းသို့ နိုဝင်ဘာ ၉ ရက်တွင် ဝင်ရောက်လာဖွယ်ရှိကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမ ၁၀ လအတွင်း စီးပွားရေးလုပ်ငန်းပေါင်း ၁၆၂၉၀၀ ခန့် တည်ထောင်

**ဟနွိုင်း နိုဝင်ဘာ ၈**

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမ ၁၀ လအတွင်း စီးပွားရေးလုပ်ငန်းပေါင်း ၁၆၂၉၀၀ ခန့်ကို တည်ထောင်ခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၈ ဘီလီယံရှိကြောင်း သိရသည်။

အဆိုပါအသစ်ထူထောင်သည့် လုပ်ငန်းအရေအတွက်သည် ယခင်နှစ်များကထက် ၁၉ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အမျိုးသားစာရင်းအင်းရုံးက ပြောကြားသည်။

စီးပွားရေးလုပ်ငန်းများတွင် အလုပ်သမား ၉၆၇၆၀၀ ကို ခန့်အပ်ပြီးဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း အသစ်တည်ထောင်ခဲ့သော စီးပွားရေးလုပ်ငန်းတစ်ခု၏ ပျမ်းမျှရင်းနှီးမတည်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၃၇၂၄၀၀ ခန့်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၈

ရခိုင်ပြည်နယ် စစ်တွေမြို့နေ အမျိုးသမီး ငါးဦးနှင့် ကျောက်ဖြူမြို့နေ မိန်းကလေးငယ်တစ်ဦးတို့ကို ၎င်းတို့နှင့် ခင်မင်ရင်းနှီးကြသူများဖြစ်သည့် မဆန်းနု(ခ)စံစံ၊ ဒေါ်မလှဝင်း၊ ဒေါ်ကျော့ယဉ်၊ မသဲသဲ၊ မပန်းနှင့် မစုစုဝေတို့က တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်ယောကျ်ားယူပါက ငွေကျပ် သိန်း ၆၀ ရရှိမည်၊ ကလေးတစ်ဦးမွေးပေးရမည်၊ တစ်နှစ်ပြည့်ပါက ပြန်လာ၍ရကြောင်း စည်းရုံးပြောဆို၍ ရန်ကုန်မြို့နေ ဒေါ်ဆောင်းဆောင်းနှင့် ချိတ်ဆက်ပေးပြီး လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပို့ဆောင်ခဲ့ရာ ရန်ကုန်လေဆိပ်တွင် ဒေါ်ဆောင်းဆောင်း၏ ညီမဖြစ်သူ မမိုးမြင့်စန္ဒာက လာရောက်ခေါ်ဆောင်ခဲ့ပြီး ဒေါ်ဆောင်းဆောင်း၏နေအိမ်သို့ ပို့ဆောင်ခဲ့ကြောင်း၊ ဒေါ်ဆောင်းဆောင်းက ရန်ကုန်မြို့ အထွေထွေ ရောဂါကုဆေးခန်းတစ်ခု၌ ဆေးစစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကြိုတင်ငွေများ အသီးသီးထုတ်ပေးခဲ့ကာ မြစ်ကြီးနားမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ရန်ကုန်-မန္တလေး-မြစ်ကြီးနားမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် အဆင့်ဆင့်ပို့ဆောင်ခဲ့ရာ မြစ်ကြီးနားမြို့ ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်ဆေးရမိခဲ့သည်။

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ကြသူများအား မြစ်ကြီးနားမြို့နယ် မြစ်ကြီးနားနယ်မြေရဲစခန်း(ပ)၄၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး နိုဝင်ဘာ ၆ ရက်တွင် မြစ်ကြီးနားခရိုင်တရားရုံးက ဖမ်းမိတရားခံ မဆန်းနု(ခ)စံစံနှင့် ဒေါ်မလှဝင်းတို့ကို လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရအလုပ်နှင့် ထောင်ဒဏ် တစ်ဆယ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်ဆောင်းဆောင်း၊ မမိုးမြင့်စန္ဒာ၊ ဒေါ်ကျော့ယဉ်၊ မသဲသဲ၊ မပန်းနှင့် မစုစုဝေတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အရ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■




၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း သိမ်းဆည်းရမိမှု။

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၈

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် အောက်တိုဘာလအတွင်း သတင်းမှန် ၄၉ ကြိမ် ရရှိခဲ့ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၁၁၉ မှု၊ သိမ်းဆည်းရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၇၇ ဒသမ ၁၂၀ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များအပါအဝင် လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိခဲ့သည်။

သတင်းပေးတိုင်ကြားမှုများကြောင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် စက်မှုကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ တရားမဝင်သစ်မျိုးစုံနှင့် ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်ပို့/တင်သွင်းမှုများကြောင့် နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်တင်ပို့/တင်သွင်းမှုများကို သတင်းပေးတိုင်ကြားရန်ဖြစ်သည်။

အောက်တိုဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး သိမ်းဆည်းရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၇၇ ဒသမ ၁၂၀ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သောငွေကျပ်၁၂၉၅ ဒသမ ၄၂၄ သန်းကိုသတင်းပေးဆုကြေးငွေအဖြစ်ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ ဖုန်း - ၀၉၆၉၉၆၁၁၁၁၆၊ ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@ gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း ဘေးကင်းရန်ကွာ
လွန်ချမ်းသာ

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များနှင့် ရေယာဉ် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၈

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံကြီးကုန်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀၁ မျိုး၊ လျှပ်စစ်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၇၄၄၅၀၀) ကိုလည်းကောင်း၊ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၅၀၀၀) ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၈၈၉၅၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် ပုသိမ်ကြီးမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၆၅၄ တန်၊ သစ်မာ ၁ ဒသမ ၁၃၄ တန်၊ အခြားသစ် ၂၅ ဒသမ ၆၀၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၀၃၇၂၀)နှင့် အဆိုပါသစ်များတင်ဆောင်ထားသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၁၀၃၇၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကော့မှူးမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၈၀၈ တန်၊ သစ်မာ သုည ဒသမ ၅၂၀ တန်၊ အခြားသစ် သုည ဒသမ ၅၉၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၆၄၄၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ အင်းစိန်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၉၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၃၆၄၄၀) ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်တွင် မြန်အောင်မြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်တွင် ဘုရားကြီးမြို့နယ် ဝင်္ကဘောကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို လည်းကောင်း၊ နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်မြို့ မုတ္တမဆိပ်ကမ်း(လှိုင်သာယာ) ၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုးနှင့် လူသုံးကုန်ပစ္စည်း ကိုးမျိုးတို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း ၇၈ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၄၉၅၉၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. SDF ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၉၀၅၄၅၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၉၅၈၈၂၀)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် Eastern Yangon Eventpark ၌ ကျင်းပသည့် Overflow Music Festival ဖျော်ဖြေပွဲတွင် အများပြည်သူအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ သီဆိုကခုန်ဖျော်ဖြေခဲ့ကြသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းရှိ Eastern Yangon Eventpark ၌ ကျင်းပပြုလုပ်သည့် Overflow Music Festival ဖျော်ဖြေပွဲတွင် အဆိုတော် Wink (ခ) ရဲဝင့်အောင်(ခ)ဗလနှင့် Bkho Bain(ခ)သိန်းမင်းထက်တို့ဦးဆောင်သည့်အဖွဲ့က အများပြည်သူအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ သီဆိုကခုန်ဖျော်ဖြေခဲ့ကြသဖြင့် အရေးယူဆောင်ရွက်နိုင်ရေး စုံစမ်းဖော်ထုတ်ခဲ့သည်။


အဆိုပါဖျော်ဖြေပွဲဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြသူများဖြစ်ကြသည့် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်) ရပ်ကွက်နေ တင်ရတနာသိမ့်(၂၈)နှစ်၊ မရမ်းကုန်းမြို့နယ် စည်ပင်မီးသတ်ရုံးဝန်ထမ်းအိမ်ရာနေ ဟန်လင်းထက်(၂၇)နှစ်နှင့် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက်နေ အောင်ခန့်မော်(ခ)ဂျပန်ကြီး (၂၉)နှစ်တို့သည် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းရှိ Eastern Yangon Eventpark ၌ Overflow Music Festival ဖျော်ဖြေပွဲအား နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖျော်ဖြေပွဲပြုလုပ်နိုင်ရန် စီစဉ်ခဲ့ကြောင်း၊ အဆိုတော် Wink (ခ)ရဲဝင့်အောင်(ခ)ဗလ၊ Bkho Bain (ခ)သိန်းမင်းထက်တို့အား နိုဝင်ဘာ ၂ ရက် ညတွင် အခြားအဆိုတော်များနှင့်အတူ ဖျော်ဖြေပေးရန် ငှားရမ်းခဲ့ကြောင်း နိုဝင်ဘာ ၂ ရက် ညတွင် အဆိုတော် Wink (ခ)ရဲဝင့်အောင်(ခ)ဗလနှင့် Bkho Bain (ခ) သိန်းမင်းထက်တို့နှစ်ဦးသည် "ရပါတယ်နှင့် 5.55566" သီချင်းအပါအဝင် သီချင်း ၁၂ ပုဒ်အား သီဆိုဖျော်ဖြေခဲ့ကြောင်း၊ "5.55566" သီချင်းကို ဖျော်ဖြေရာတွင် အများပြည်သူအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ လာရောက်ကြည့်ရှုသည့် ပရိသတ်များအတွင်းသို့ "ကွန်ဒုံးများ" ဖြန့်ကြဲပြီးနောက် သီဆိုဖျော်ဖြေခဲ့ကြောင်း၊ ထိုသို့ဖျော်ဖြေနေစဉ် ၎င်းတို့နှစ်ဦးအပါအဝင် ၁၃ ဦးခန့်မှ စင်ပေါ်တက်ရောက်၍ ကခုန်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း ဖော်ထုတ်သိရသည်။

ထိုသို့ဖော်ထုတ်ချက်အရ အခင်းဖြစ်နေ့တွင် သီဆိုဖျော်ဖြေကခုန်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းများတွင် ပါဝင်ခဲ့ကြသူများအား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ သီဆိုဖျော်ဖြေရာတွင် ပါဝင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မြို့သစ်(က)ရပ်ကွက်နေ It's Phyo (ခ) ဖြိုးသန့်အောင်(ခ)ကိုဖြိုး (၂၈)နှစ်အား နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီတွင် ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ "What's Up Cafe" ဆိုင်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ စတိတ်စင်ပေါ်၌ သီဆိုကခုန်ခဲ့သည့် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ ပြည့်စုံထွန်း(ခ)စိုင်းမွမ်းဖ (၂၇)နှစ်အား ယင်းနေ့ ညနေ ၄ နာရီခွဲတွင် သုဝဏ္ဏနယ်မြေရဲစခန်းသို့ ချိတ်ဆက်ခေါ်ယူ၍လည်းကောင်း။

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ သက်လှိုင်ဝင်း(ခ)ကိုသက် (၂၉)နှစ်၊ ချမ်းမြသာစည်မြို့နယ် နေကြသူများဖြစ်ကြသည့် အာကာဖြိုး(ခ)အာကြီး (၂၇)နှစ်၊ မင်းမော်ထွန်း(ခ) မော်ကြီး (၂၇)နှစ်၊ ဟိန်းလွင်ထွန်း(ခ)ဖိုးထန်း (၁၆)နှစ်၊ စိုင်းအောင်ခေး (၂၅)နှစ်တို့အား နိုဝင်ဘာ ၅ ရက် ည ၈ နာရီတွင် ၎င်းတို့၏နေအိမ်များမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၆) ရပ်ကွက်နေ ဝေလင်းအောင် (၂၂)နှစ်အား ယင်းနေ့ည ၈ နာရီ ၁၅ မိနစ်တွင် သုဝဏ္ဏနယ်မြေရဲစခန်းသို့ ချိတ်ဆက်ခေါ်ယူ၍လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေသူများဖြစ်ကြသည့် အဆိုတော် Wink (ခ) ရဲဝင့်အောင်(ခ)ဗလ၊ ပြည့်ဇော်အောင်(ခ) Pause (၂၃)နှစ်နှင့် ထိုက်အောင်ကျော်မြတ်(ခ)ဖြဲကြီး (၂၁)နှစ်တို့အား နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် သုဝဏ္ဏနယ်မြေရဲစခန်းသို့ ချိတ်ဆက်ခေါ်ယူ၍လည်းကောင်း။

ထို့အတူ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်နေ အဆိုတော် Bkho Bain (ခ) သိန်းမင်းထက် (၂၉)နှစ်နှင့် ရန်ကင်းမြို့နယ် အမှတ်(၆)ရပ်ကွက်နေ လင်းလင်းထွန်း(ခ)လင်းထွန်း (၂၃)နှစ်တို့သည် သုဝဏ္ဏနယ်မြေရဲစခန်းသို့ လာရောက်အဖမ်းခံသဖြင့် အသီးသီးအမှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။

ထိုသို့ အများပြည်သူအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ "ကွန်ဒုံးများ" ဖြန့်ဝေပြီး သီဆိုကခုန်ခဲ့ကြသူများဖြစ်ကြသည့် အဆိုတော် Wink (ခ) ရဲဝင့်အောင် (ခ)




ဗလနှင့် Bkho Bain (ခ)သိန်းမင်းထက်တို့ပါ အမျိုးသား ၁၃ ဦးနှင့် ပွဲစီစဉ်သူများဖြစ်ကြသည့် တင်ရတနာသိမ့်၊ ဟန်လင်းထက်နှင့် အောင်ခန့်မော်(ခ)ဂျပန်ကြီးတို့အား သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေရဲစခန်း၌ (ပ)၂၁၃/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ-၅၀၅-က/ ၂၉၄/၁၁၄ အရ အမှုရေးဖွင့်ထားရှိကြောင်းနှင့် ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအပြစ်ပေး အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား



ပုသိမ်မြို့ပေါ်ရှိ ရွေးကောက်ပွဲကျင်းပပြုလုပ်မည့် မဲရုံတည်ရှိရာနေရာများအား မီးဘေးလုံခြုံမှုရှိစေရေးအတွက် ပုသိမ်မြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးဝင်းဆန်း ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်သုံးဦး၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းတစ်ဦးနှင့် ရပ်ကွက်ရာအိမ်မှူးများ ပူးပေါင်းကာ နိုဝင်ဘာ ၈ ရက်က မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

မေချို

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မီးသတ်ဦးစီးဌာနက နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရွာသာကြီးစက်မှုဇုန် ကျန်စစ်သားရိပ်မွန်လမ်းရှိ LONG PINE အထည်ချုပ်စက်ရုံ၌ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ခြင်း၊ စက်ရုံ၊ အလုပ်ရုံဝန်ထမ်း ၂၅၀ အား အသိပညာပေးဟောပြောမှုနှင့်အတူ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းတို့ ဆောင်ရွက်စဉ်။

နေမျိုးအောင်(ဒဂုံတောင်)





## မင်းလှမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

**မင်းလှ နိုဝင်ဘာ ၈**

မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးမှူးများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ခရိုင်မီးသတ် ဦးစီးမှူးဦးမောင်မောင်ထွေးသည် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ FSC အကြံပြုချက်ရရှိသော မင်းလှမြို့ Denko စက်သုံးဆီဆိုင်ကို အကြံပြုချက်များ တိကျစွာလိုက်နာမှုရှိ၊မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# ပြည်သူ့အလုပ်သမားပါတီက ငင်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်သူ့အလုပ်သမားပါတီဥက္ကဋ္ဌ ဦးကျော်ဇင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**၁။ မဲဆန္ဒရှင်လုပ်သားပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သလိုက်ပါတယ် ခင်ဗျား။**

ကျွန်တော်ကတော့ ပြည်သူ့အလုပ်သမားပါတီကိုယ်စား ဟောပြောမယ့် ပြည်သူ့အလုပ်သမားပါတီ ဥက္ကဋ္ဌတာဝန်ကိုယူထားတဲ့ ဦးကျော်ဇင် ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာဆိုရင် ၂၀၁၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ယခုဆိုရင် သက်တမ်းအားဖြင့် (၈)နှစ်ကျော်လာခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီ (၈)နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် လုပ်သားပြည်သူအပေါင်းတို့ကို ကျွန်ုပ်တို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်အတွင်းမှနေပြီး ကူညီဆောင်ရွက်ပေးခဲ့မှုများကို ပါတီနှင့်နီးစပ်သူများနဲ့ လာရောက်အကူအညီတောင်းခံခဲ့ကြတဲ့ ကာယကံရှင် လုပ်သားပြည်သူများ အသိပင်ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေဖြင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင် ပါဝင်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအစိုးရလက်ထက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေအသစ်နဲ့ ပြန်လည်မှတ်ပုံတင်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်းရုံးမည့်ပါတီအနေဖြင့် ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ကျွန်တော် ဦးကျော်ဇင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ဦးရန်နောင်စိုးမြင့်၊ ရွှေပြည်သာမြို့နယ်တွင် ဦးညွန့်ဝင်းတို့က ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များတွင် အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

၂။ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား - ကျွန်တော်တို့ပါတီရဲ့ အခြေခံမူဝါဒနှင့် လမ်းစဉ်ကို ဦးစွာတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီ တည်ထောင်စဉ်ကတည်းက ချမှတ်ထားတဲ့ အဓိကမူဝါဒကတော့ လူလူချင်း ခွဲခြားဆက်ဆံမှုကင်းဝေးပြီး နိုင်ငံသား လုပ်သားပြည်သူတိုင်း ဥပဒေရဲ့အောက်တွင် တန်းတူညီမျှ အခွင့်အရေးရရှိဖို့အရေးပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေဟာဆိုရင်ဖြင့် ကျွန်တော်တို့နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အင်မတန်မှ အရေးကြီးလှပါတယ်။ ရွေးကောက်ပွဲလမ်းစဉ်ဖြင့်သာ ပြည်သူအပေါင်းလိုလားသော ကိုယ်စားလှယ်ကို ရွေးချယ်နိုင်မှာဖြစ်သလို ရွေးကောက်ပွဲနည်းလမ်းတစ်ခုတည်းဖြင့်သာ ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ပေါက်အောင် ဆောင်ရွက်နိုင်မည်ကို ပြည်သူအားလုံးအသိပင် ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် ပါတီအားလုံး ဥပဒေနှင့်အညီ တန်းတူအခွင့်အရေးရရှိရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲဆွယ်စည်းရုံးနိုင်ရေးအပြင် မဲဆန္ဒရှင်များ မှန်ကန်တိကျစေရေးနဲ့ မဲပေးနိုင်မယ့်လူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေးတို့အတွက် ဥပဒေနှင့်အညီ မဲစာရင်းများ မှန်ကန်စွာဆောင်ရွက်နိုင်မှသာလျှင် စစ်မှန်၍တရားမျှတသော ပါတီစုံအထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်မယ်ဆိုတာကို ပြောကြားလိုပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲပြီးကာလတို့တွင် ကျွန်တော်တို့ တစ်ပါတီချင်းသော်လည်းကောင်း၊ ပါတီများစုပေါင်း၍သော်လည်းကောင်း ထိုအချိန်က တာဝန်ယူခဲ့သော ရွေးကောက်ပွဲကော်မရှင်သို့ မဲဆွယ်စည်းရုံးမှုများတွင် တရားမျှတမှုမရှိခြင်း၊ မဲစာရင်းများ မှားယွင်းနေခြင်းတို့ကို အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း လျစ်လျူရှုခြင်းခံခဲ့ရတာကိုလည်း အသိပေးပြောကြားလိုပါတယ်။ အဲဒါရဲ့အကျိုးဆက်အနေနဲ့ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရဲ့ မဲစာရင်းမှားယွင်းမှု၊ မဲမသမာပြုမှုတို့ကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရတာ အားလုံးအသိပင်ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိတာဝန်ယူထားတဲ့ အစိုးရအနေနဲ့ ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်း ရွေးကောက်ပွဲကြီးကို ကျင်းပပေးခြင်းအပေါ် ကျွန်တော်တို့ နိုင်ငံရေးပါတီများသာမက လုပ်သားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိတို့ရဲ့ အခွင့်အရေးကို မိမိတို့လက်နဲ့ ပြန်လည်ရယူပြီး ပါတီစုံဒီမိုကရေစီလမ်းပေါ် ပြန်လည်လျှောက်လှမ်းရမည် ဖြစ်ပါတယ်ခင်ဗျား။

၃။ ကျွန်တော်တို့ပါတီအနေဖြင့် ပြည်သူများရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေပါဝင်တဲ့ လွှတ်တော်ကြီးပေါ်ပေါက်လာတဲ့အခါ အဓိကထား ဆွေးနွေးလိုတာကတော့ ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမရှိရင်ဖြင့် မည်သည့်အစိုးရ အုပ်ချုပ် အုပ်ချုပ် တိုင်းပြည်တိုးတက်ဖို့ရာ ဝေးနေဦးမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ကျွန်တော်တို့တိုင်းပြည်ဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တယ်ဆိုတာ **ပြည်တွင်းပဋိပက္ခတွေရဲ့** ဒုက္ခပေးမှုလို့ပဲ တင်ပြချင်ပါတယ်။ **ပြည်တွင်းပဋိပက္ခဖြစ်နေတဲ့** ဒေသတွေမှာဆိုရင်ဖြင့် ပညာရေး၊ ကျန်းမာရေးကအစ နှောင့်နှေးကြန့်ကြာနေမှာဖြစ်သလို ကျန်ဒေသတွေမှာ ဆိုရင်ဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ လူမှုအဆင့်အတန်း နိမ့်ကျနေတယ်ဆိုတာကို လုပ်သားပြည်သူတို့ မျက်မြင်ပဲဖြစ်ပါတယ်။ အဲဒီလို လူမှုဘဝ မစည်ပင်တာကြောင့် ကျွန်တော်တို့ နိုင်ငံသား အလုပ်လုပ်နိုင်တဲ့အရွယ်တွေဟာဆိုရင်ဖြင့် နိုင်ငံရပ်ခြားတွေမှာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သက်ဆိုင်ရာနိုင်ငံကလူတွေ မလုပ်ချင်တဲ့အလုပ်၊ မလုပ်နိုင်တဲ့အလုပ်တွေကို လုပ်ကိုင်နေရတာဆိုရင်ဖြင့် စစ်တမ်းများအရ တစ်နှစ်ထက်တစ်နှစ် တိုးလာတာကို ဝမ်းနည်းစွာ တွေ့ရှိရပါတယ်။ အဲဒီလိုဖြစ်ရတာဟာ နိုင်ငံသားတွေမှာသာ ထိခိုက်ရုံသာမက နိုင်ငံတော်အတွက်လည်း လုပ်အားဆုံးရှုံးနစ်နာမှု ဖြစ်ပေါ်စေတဲ့အတွက် ကုန်ထုတ်စွမ်းအားကျဆင်းပြီး နိုင်ငံဖွံ့ဖြိုးမှု နောက်ကျစေတယ်လို့ ကျွန်တော်မြင်မိပါတယ်။ ဒါ့အပြင် ထာဝရငြိမ်းချမ်းရေးနဲ့ **ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ** ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားအချင်းချင်း အပြန်အလှန်တာဝန်ယူမှု၊ တာဝန်ခံမှုများထားရှိကာ နားလည်မှုတည်ဆောက်ရမှာ ဖြစ်တဲ့အပြင် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အပြန်အလှန် ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေးတို့ အစဉ်ဖြစ်ထွန်းနေမှသာ ကျွန်ုပ်တို့ ပြည်ထောင်စုကြီး ထာဝရမပြိုကွဲဘဲ အစဉ်ထာဝရ ရပ်တည်နိုင်ရေးအတွက် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိတဲ့ ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တစ်ခုတည်းသော လမ်းကြောင်းဖြစ်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လမ်းကြောင်းကို အစဉ်အလေးထား ထောက်ခံသွားမည်ဖြစ်သည့်အပြင် ပြည်သူအပေါင်းတို့ကလည်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်အပြည့်နဲ့ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

၄။ လုပ်သားပြည်သူများခင်ဗျား - လူမှုစီးပွားဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံ၊ ဆင်းရဲတဲ့နိုင်ငံတွေမှာဆိုရင်ဖြင့် အလုပ်အကိုင်ရှားပါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် လုပ်သားပြည်သူတွေဟာဆိုရင် ရတဲ့လုပ်ခလစာနဲ့ စားဝတ်နေမှုကို ဖြေရှင်းဖို့ ခက်ခဲတယ်ဆိုတာ တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းဖို့ဆိုရာတွင် ကျွန်တော်တို့ ပြည်တွင်းလိုအပ်ချက်တွေကို ပြည်ပကနေ တင်သွင်းမှုနည်းအောင် ပြည်တွင်းမှာ ကိုယ်ပိုင်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ဖို့ အဓိကလိုအပ်ပါတယ်။ အဲဒီလိုလုပ်ဆောင်နိုင်ဖို့အတွက်ကလည်း အခြေခံအဆောက်အအုံတွေဖြစ်တဲ့ နေရာနဲ့ ကုန်ကြမ်း ကျွန်တော်တို့တိုင်းပြည်မှာ ရှိပါသော်လည်း နည်းပညာနဲ့ လျှပ်စစ်ကဏ္ဍတွင် အားနည်းတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်ခင်ဗျာ။ ကြားသိရတဲ့ သတင်းများအရ နိုင်ငံတော်တွင် လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အဏုမြူစွမ်းအင်အသုံးပြုပြီး လျှပ်စစ်စွမ်းအင် ထုတ်လုပ်နိုင်အောင် ရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံတော်အကြီးအကဲ ရုရှားနိုင်ငံသို့ သွားရောက်တဲ့ခရီးစဉ်မှာ လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အနာဂတ် ကျွန်တော်တို့ နိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်တော့မှာ ဖြစ်ပါတယ်။ အဓိကလိုအပ်တဲ့ နည်းပညာအတွက်ဆိုရင်ဖြင့် ကျွန်တော်တို့ နိုင်ငံသားတွေ ပညာတတ်ဖို့ လိုအပ်ပါတယ်။ အမျိုးသားပညာရေးအခန်းကဏ္ဍကို ပြောကြားရလျှင် ၎င်းနဲ့ ဆက်စပ်နေတဲ့ အမျိုးသားကျန်းမာရေးကဏ္ဍကိုပါ ထည့်သွင်းပြောကြားရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးမပြည့်စုံရင်ဖြင့် ပညာရေးလည်း မလုပ်နိုင်သလို အခြားအခြားသော မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ အမျိုးသားကျန်းမာရေးကဏ္ဍကို ဆောင်ရွက်ရာမှာလည်း ယနေ့လူငယ်တွေရဲ့ ကျန်းမာရေးဟာ လွန်စွာမှ အရေးကြီးလှပါတယ်။ ယနေ့လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ရင်ဖြင့် ကျွန်တော်တို့အနေနဲ့ လွန်စွာမှ အားမရပါဘူး။ အဓိကအားဖြင့် လူငယ်များ ကျန်းမာကြံ့ခိုင်ဖို့ဆိုတာ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ဖို့နဲ့ သင့်တင့်သော ကျန်းမာရေးလိုက်စားမှုများ ပြုလုပ်စေရေးတို့ကို အလေးထားဆောင်ရွက်မှာ ဖြစ်ပါတယ်။ သို့မှသာ တိုင်းပြည်အတွက် အားကိုးအားထားပြုရမယ့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေနဲ့ တတ်စွမ်းသမျှ ပြည်သူတွေရဲ့ လူမှုဘဝကိုကာကွယ်ဖို့၊ လူငယ်တွေဘဝကို ကာကွယ်ဖို့ မူးယစ်ဆေးတိုက်ဖျက်ရေးကို အလေးထားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပညာရေးမှာ ကြည့်ပြန်တော့လည်း စီးပွားရေးကအဆင်မပြေလို့ ပညာရေး တစ်ပိုင်းတစ်စနဲ့တင် အဆုံးသတ်လိုက်တာက များလာတာကို တွေ့ရတဲ့အတွက်လည်း ပညာတတ်ရှားပါးမှုကို ရင်ဆိုင်လာရပါတယ်။ ဒီလိုသာ တဖြည်းဖြည်းနဲ့ ပညာရေးဘက်မှာ အားနည်းလာရင် ကျွန်တော်တို့ တိုင်းပြည်ဟာ အနာဂတ်မှာ ဒုက္ခဖြစ်ဖို့သာ ရှိပါတော့တယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့်လည်း အမျိုးသားပညာရေးနဲ့ အမျိုးသားကျန်းမာရေးကဏ္ဍကို အမျိုးသားရေးအမြင်နဲ့ ဦးစားပေးဆောင်ရွက်ရန် အစဉ်အလေးထားတိုက်တွန်းသွားမှာ ဖြစ်သည့်အပြင် ပါတီအနေဖြင့်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

၅။ လုပ်သားပြည်သူများခင်ဗျား - ဆက်လက်၍ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီရဲ့ နိုင်ငံရေးမူဝါဒကို တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီအနေဖြင့် အမျိုးသားရေးကို ဘယ်သောအခါမျှ သစ္စာဖောက်မှာ မဟုတ်ဘူးဆိုတာကို ရဲရဲကြီးအာမခံပါတယ်။ အမျိုး၊ ဘာသာ၊ သာသနာကို ဘယ်တော့မှ ကိုယ်တိုင်လည်း မစော်ကားသလို တစ်ပါးသူထိပါးစော်ကားလာရင်လည်း လုံးဝ လက်ခံမှာမဟုတ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုကြီးအကျိုးကို နိုင်ငံရေးနဲ့ အစဉ်တည်တံ့စေရန် ဆောင်ရွက်တဲ့အခါမှာ အမျိုးသားရေးကို သစ္စာမဖောက်တဲ့ အဖွဲ့အစည်းအားလုံးနဲ့ လက်တွဲဆောင်ရွက်နိုင်တယ်ဆိုတာလည်း ပြောကြားလိုပါတယ်။ အဓိကအနေနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်သော မြန်မာ့တပ်မတော်ကို အမျိုးသားနိုင်ငံရေးလုပ်သော အဖွဲ့အစည်းအမြင်နဲ့ အစဉ်လက်တွဲ ဆောင်ရွက်မည်ဖြစ်ကြောင်းကို ပြောကြားလိုပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကို လေ့လာကြည့်ရင် ၎င်းတို့ရဲ့ အမျိုးသားအကျိုးစီးပွားကို အဓိကထားတာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့ တိုင်းရင်းသားများလောက် ဘယ်ပြည်ပနိုင်ငံသားကမျှ ပိုအလေးထား၊ ပိုချစ်တယ်ဆိုတာ ယုံနိုင်စရာမရှိပါဘူး။ အဲဒီတော့ ကျွန်တော်တို့ တိုင်းရင်းသားလုပ်သားပြည်သူတို့ရဲ့ စည်းရုံးစုပေါင်းမှုနှင့် ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ်ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့သတင်းတွေကိုကြည့်ရုံဖြင့် မိမိနိုင်ငံရဲ့ အကျိုးစီးပွားကိုကာကွယ်ဖို့ အားနည်းတဲ့ နိုင်ငံတွေဟာဆိုရင်ဖြင့် တိုင်းတစ်ပါး သြဇာခံဖြစ်သွားကြတာကို ကျွန်တော်တို့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲဒီဥပမာတွေကို သင်ခန်းစာယူပြီး ကျွန်တော်တို့ တိုင်းပြည်အနေဖြင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဆောင်ရွက်နိုင်ပါမှ ကျွန်တော်တို့ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။

၆။ ဆက်လက်၍ အထွေထွေကဏ္ဍကို ဆွေးနွေးပြောကြားရလျှင် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်တဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ သမိုင်းကို ပြန်ကြည့်ရင်ဖြင့် အလုပ်သမား၊ လယ်သမား၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသော ကျောင်းသားလူငယ်များဟာဆိုရင်ဖြင့် မိမိပစ္စုပ္ပန်မှာ လုပ်ဆောင်နေတဲ့ကိစ္စတွေကို တာဝန်တစ်ရပ်လို တာဝန်ကျေပွန်စွာ လုပ်ဆောင်နိုင်ပါမှ နိုင်ငံတော်ကြီး ဟန်ချက်ညီညီ တိုးတက်မည်ကိုလည်း သတိချပ်စေချင်ပါတယ်။ အိမ်ရှင်မတစ်ဦးအနေဖြင့် ထမင်းချက်နေသည်ပင်လျှင် နိုင်ငံရေးနဲ့ ပတ်သက်နေတယ်လို့ ဆိုချင်ပါတယ်။ ထိုနည်းတူစွာပဲ ပညာကို ကောင်းမွန်စွာ သင်ကြားခြင်းဟာလည်း နိုင်ငံတော်ကို တစ်နည်းတစ်ဖုံ ပံ့ပိုးနေခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာဆိုရင် ပညာသင်ကြားရမယ့် ကလေးသူငယ်တို့ကိုလည်း အနှောင့်အယှက်ဖြစ်စေဖို့ လုပ်ဆောင်ခဲ့ကြတာတွေ၊ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း ၎င်းတို့ တာဝန်ဝတ္တရားများ ကောင်းမွန်စွာ မထမ်းဆောင်နိုင်စေရန် အမျိုးမျိုးနှောင့်ယှက်ခဲ့ကြတာကို ကျွန်တော်တို့ မျက်မြင်တွေ့ရှိခဲ့ရပါတယ်။ အဲဒီလိုလုပ်ခဲ့တဲ့ ရလဒ်နဲ့ အကျိုးဆက်အနေဖြင့် ဘာတွေခံစားခဲ့ရတယ်ဆိုတာကို လုပ်သားပြည်သူတို့ အသိပင်ဖြစ်ပါတယ်။ အဲဒီလိုပြုမူခဲ့ကြခြင်းရဲ့ ရလဒ်အနေနဲ့ ထိခိုက်နစ်နာမှုကို ခံစားရသည်မှာ ကျွန်တော်တို့ လုပ်သားပြည်သူများနဲ့ ကျွန်တော်တို့ နိုင်ငံတော်ပင်ဖြစ်ပါတယ်။ ဖြစ်ခဲ့တဲ့ အတိတ်ဖြစ်စဉ်တွေကို ကျွန်တော်တို့ သင်ခန်းစာယူပြီး နောက်နောင် အလားတူဖြစ်ရပ်မျိုး ထပ်မဖြစ်အောင် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကာကွယ်ခြင်းဖြင့် လူငယ်တို့ရဲ့ အနာဂတ် ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

၇။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုရာတွင် အဂတိတရားကင်းရှင်းဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ အဂတိတရား ကင်းရှင်းဖို့ဆိုရာဝယ် ၎င်းတို့ မိသားစု စားဝတ်နေမှု ဖူလုံ လုံလောက်ဖို့ အရေးကြီးတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ အဲဒီတော့ ခေတ်မီတိုးတက်မှုနဲ့အတူ မြင့်တက်လာတဲ့ ကုန်ဈေးနှုန်းကို ကာမိနိုင်အောင် လစာရရှိပါမှ နိုင်ငံ့ဝန်ထမ်းများဘဝ လူတန်းစေ့ နေနိုင်မည်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တွေ့ရှိနေရတဲ့ အငြိမ်းစားဝန်ထမ်းတွေရဲ့ဘဝကို ဥပမာအနေနဲ့ တင်ပြလိုပါတယ်။ တစ်သက်လုံး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်လို့ ပင်စင်ယူတဲ့အခါ နေစရာကမရှိ၊ ကြီးမြင့်လှတဲ့ အိမ်ငှားခတို့ရဲ့ နှိပ်စက်မှု၊ ကုန်ဈေးနှုန်းကို လိုက်မမီတဲ့ ပင်စင်လစာတို့ကြောင့် အသက်အရွယ် အိုမင်းမစွမ်းကာမှ အတိဒုက္ခရောက်နေရတာကို စိတ်မကောင်းစွာ တွေ့မြင်နေရပါတယ်။ ယခု သတင်းများအရ စစ်မှုထမ်းအိမ်ရာဖော်ဆောင်နေမှုကို နိုင်ငံတော်အကြီးအကဲ သွားရောက်ကြည့်ရှုစစ်ဆေးနေတာတွေ့ရလို့ တပ်မတော်သားဟောင်းကြီးများအတွက် ကျွန်တော်တို့ လွန်စွာဝမ်းမြောက်မိပါတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပါအဝင် အခြားအခြားသော နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပါသော ဝန်ထမ်းကောင်းဖြစ်ခဲ့တဲ့ ဝန်ထမ်းဟောင်းကြီးများအတွက်လည်း စိတ်အေးသက်သာစွာ နေထိုင်နိုင်ရန်အတွက် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် အစဉ်တိုက်တွန်း ဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါတယ်။

၈။ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် လုပ်သားပြည်သူများကို ဘာတွေလုပ်ပေးမယ်ဆိုပြီး ကျွန်တော်တို့ ဘယ်သောအခါမျှ လိမ်လည်ကတိပေးနေမှာ မဟုတ်ပါဘူး။ ပြည်သူလိုအပ်တာကို လုပ်ပေးမယ်ဆိုပြီးတော့လည်း အိပ်မက်တွေပေးနေမှာ မဟုတ်ပါဘူး။ အိပ်မက်ဆိုတာ အိပ်ရာကနိုးရင် အားလုံးပျောက်ကွယ်သွားမယ့်အရာတွေပါ။ ကျွန်တော်တို့အနေနဲ့ စွမ်းအားရှိသလောက် လုပ်သားပြည်သူတို့နဲ့အတူ မတရားမှုတို့ကို ဥပဒေနဲ့အညီ တိုက်ပွဲဝင်ပါ့မယ်ဆိုတဲ့ကတိကို ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေနဲ့ သေချာပေးနိုင်ပါတယ်။ ဒါ့အပြင် လုပ်သားပြည်သူတို့ဘက်ကလည်း စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီတိုင်းပြည်ကြီး ပေါ်ထွန်း လာအောင် မဲရုံသို့ သွားရောက်ပြီး မပျက်မကွက် နိုင်ငံသားတာဝန် ကျေပွန်အောင် မဲပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၈

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုး(ခ)ဦးကျော်စွာအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



လေးစားရပါသော မိဘပြည်သူများခင်ဗျာ ကျွန်တော်ကတော့ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုး ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ (၆-၁၁-၂၀၁၂) ခုနှစ်မှာ တောင်သူလယ်သမားကြီး (၂၁)ဦးနဲ့ စတင်ထူထောင်လာခဲ့တဲ့ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းထူထောင်စဉ်က နိုင်ငံရေးလုပ်ငန်းစဉ်များ၊ ပါတီတစ်ခုရဲ့ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်လို့ ထူထောင်ခဲ့ခြင်းမဟုတ်ပါဘူး။ ရင်ထဲမှာ ဒီတောင်သူလယ်သမားတွေရဲ့ ဘဝအမှန်ကို တိုင်းသိပြည်သိ ကမ္ဘာသိအောင် လွှတ်တော်ထဲအရောက်သွားပြီး တင်ပြနိုင်ဖို့နဲ့ ပြောပိုင်ခွင့်သာရှိတဲ့ တောင်သူလယ်သမားဘဝကနေ လုပ်ပိုင်ခွင့်ရှိတဲ့ တောင်သူလယ်သမားတွေရဲ့ပါတီဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဖွဲ့စည်းထူထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒါကြောင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးမှာ တောင်သူလယ်သမားပါတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၈၆)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ တောင်သူလယ်သမားစစ်စစ်ကြီးတွေဟာ စိတ်ဓာတ်ကသာပြင်းထန်ပြီး နိုင်ငံရေးဆိုတဲ့ အတွေ့အကြုံနည်းတော့ ပြေးကားပြေး၏ ပန်းတိုင်မရောက်ဖြစ်ကာ ရွေးကောက်ပွဲအောင်နိုင်ခြင်းမရှိ ဖြစ်ခဲ့ရပါတယ်။

ကျွန်တော်တို့ တိုင်းပြည်မှာ ကျေးလက်နေပြည်သူဟာ တိုင်းပြည်လူဦးရေ၏ ၇၅ ရာခိုင်နှုန်းရှိပြီးအားလုံးဟာ စိုက်ပျိုး၊ မွေးမြူရေးကို လုပ်ကိုင်နေကြတဲ့ ကျေးလက်နေတောင်သူလယ်သမားများသာ ဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် နိုင်ငံသားအားလုံး၏ ၇၅ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများသာ ဖြစ်ကြပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားများဟာ ဒီမိုကရေစီလည်း နားမလည်ဘူး၊ ဒီမိုကရက်တစ်လည်း နားမလည်ပါဘူး။ သူတို့ရဲ့ဘဝမှာ စားဝတ်နေရေးနဲ့ပဲ လုံးပန်းနေတော့ ဘာမှမလေ့လာနိုင်ဘူးဖြစ်နေကြပါတယ်။ ဒါတွေကို ကူညီဖြေရှင်းဖို့ ဘဝတူတောင်သူလယ်သမားပါတီက ကူညီဆောင်ရွက်သွားမယ်လို့ ပြောကြားပါရစေခင်ဗျာ။

တိုင်းသူပြည်သားအားလုံးဟာ ခေတ်ကျပ်တဲ့ကာလအတွင်းမှာ စီးပွားရေးများ အဘက်ဘက်က မလုပ်နိုင်ကြတော့တဲ့အတွက် စားဝတ်နေရေးကျပ်တည်းကြတာ ဘယ်သူမှငြင်းလို့မရကြပါဘူး။ ယခုလာမယ့် ရွေးကောက်ပွဲအပြီးမှာ အစိုးရသစ် ပေါ်ပေါက်လာတော့မှာဖြစ်တဲ့အတွက် နိုင်ငံရေးအပြောင်းအလဲတွေရှိလာတော့မှာ ဖြစ်ပါတယ်။ နိုင်ငံရေးပြောင်းလဲလာရင် စီးပွားရေးလည်းကောင်းမွန်လာမယ်ဆိုတာ သေချာပေါက်ဖြစ်မယ်လို့ ယုံကြည်ပါတယ်ခင်ဗျာ။ တိုင်းသူပြည်သားအားလုံးဟာ တိုက်ပွဲတွေဖြစ်တာရော၊ နိုင်ငံရေးပဋိပက္ခတွေဖြစ်တာရော စိတ်မဝင်စားကြဘူး၊ သူတို့စိတ်ဝင်စားတာ စီးပွားရေးတစ်ခုပဲဆိုတာသိပါတယ်။ တိုင်းပြည်တည်ငြိမ်မှ စီးပွားရေးကောင်းမွန်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးရင် အရပ်သားအစိုးရတစ်ရပ်ပေါ်ပေါက်လာရင် တိုင်းပြည်တည်ငြိမ်သွားဖို့ သေချာသွားပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ပြည်ထောင်စုတစ်ဝန်းလုံးပြိုင်တဲ့ ပါတီကြီးတစ်ခုဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကိုယ်စားလှယ်တော်များဟာလည်း လူငယ်လူရွယ်များနဲ့ တကယ့်မြေပြင်မှာ လက်တွေ့လုပ်ငန်း လုပ်ဆောင်တဲ့သူတွေ များစွာပါဝင်ကြပါတယ်။ ရွေးကောက်ပွဲစနစ်ဟာ ဟိုးအရင်တုန်းကလိုမဟုတ်တော့ဘဲ FPTPစနစ်၊ PR စနစ်ရောနှောပြီး လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် ကျွန်တော့်ပါတီရဲ့ ကိုယ်စားလှယ်များဟာ လွှတ်တော်ထဲကို အထိုက်အလျောက်ရောက်ရှိကြမှာ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ပြည်သူတွေအပေါ်မှာ ကိုယ်ချင်းစာစိတ်ထားဖို့၊ ရိုင်းပင်းကူညီဖြေရှင်းဖို့၊ ပြည်သူတွေအပေါ်မှာ စိတ်ရင်းစေတနာကောင်းကောင်းထားပြီး သူတို့ရဲ့ဘဝအခက်အခဲတွေကို လိုက်ပါဆောင်ရွက်ဖို့ပဲ အထူးမှာကြားထားပါတယ်ခင်ဗျာ။

ကျွန်တော်တစ်ခုလောက် တိုင်းသူပြည်သားတွေကို တင်ပြလိုပါတယ်။ အဲဒီအချက်ကတော့ အရေးကြီးဆုံးဖြစ်တဲ့ ဆင်းရဲမွဲတေမှုဆိုတဲ့ တိုင်းပြည်ရဲ့ ဘုံရန်သူကို တိုက်ထုတ်ပစ်ရမှာဖြစ်တယ်။

လူဆင်းရဲရင် စိတ်ဆင်းရဲမယ်၊ စိတ်ဆင်းရဲရင် အမြင်မကြည်လင်တော့ဘူး၊ အမြင်မကြည်ရင် ရန်လိုလာတယ်၊ ရန်လိုလာရင် ငြိမ်းချမ်းမှုဟာ ပျောက်ကွယ်သွားကြပါတယ်။

ဆင်းရဲမွဲတေမှုကို ဘယ်လိုတိုက်ဖျက်ပစ်ရမှာလည်းလို့ဆိုရင် ကျွမ်းကျင်သူတွေနဲ့ ပေါင်းစည်းပြီး တိုက်ဖို့လိုပါတယ်။ ကျွမ်းကျင်သူဆိုတာ သူ့နေရာ၊ သူ့ဌာနကို ကျွမ်းကျင်တတ်မြောက်ထားတဲ့သူတွေကို ခေါ်ပါတယ်။

လယ်သမားက လယ်စိုက်တာကို ကျွမ်းကျင်တယ်
စစ်သားက စစ်တိုက်တာကို ကျွမ်းကျင်တယ်
အလုပ်သမားက စက်ရုံ၊ အလုပ်ရုံကိစ္စတွေကို ကျွမ်းကျင်တယ်
ကုန်သည်က အရောင်းအဝယ်ကို ကျွမ်းကျင်တယ်

ဘယ်လုပ်ငန်းမဆို ကျွမ်းကျင်မှ အကျိုးပေးတာဖြစ်ပါတယ်။ ဒါတွေကို လူမှန်နေရာမှန် ပြန်ဖြစ်အောင် နေရာချနိုင်ရင် ကျွန်တော်တို့ တိုင်းပြည်ချမ်းသာသွားမယ်ဆိုတာ သဘောပေါက်စေလိုပါတယ်။

နိုင်ငံရေးဆိုတာ အထွေအထူးမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ပြောသွားဖူးပါတယ်။ နိုင်ငံရေးဆိုတာပြည်သူလူထု နိစ္စဓူဝ ဖြစ်တဲ့ စား၊ ဝတ်၊ နေရေးကို အကျိုးရှိအောင်ဆောင်ရွက်ပေးရတဲ့ အလုပ်ဖြစ်ပါတယ်လို့ ပြောသွားခဲ့ပါတယ်။ ကျွန်တော်တို့ နားလည်သင်ကြားခဲ့ရတာလည်း နိုင်ငံရေးဆိုတာ လူမှုရေး + စီးပွားရေး = နိုင်ငံရေးလို့ သင်ယူခဲ့ရတာပါ။

လူမှုရေးဆိုတာ အများပြည်သူတို့ရဲ့ဘဝကို ကူညီဆောင်ရွက်ရမယ်၊ ကယ်ဆယ်ရမယ်၊ ရိုင်းပင်းရမယ်၊ မျှတရမယ်ဆိုတဲ့ ကိုယ်ချင်းစာစိတ်မွေးပြီး လုပ်ရတဲ့အလုပ်ဖြစ်ပါတယ်။

စီးပွားရေးဆိုတာကလည်း မိမိဘဝမြင့်မားတိုးတက်အောင်၊ မိမိပတ်ဝန်းကျင် မြင့်မားတိုးတက်အောင်၊ မိမိတိုင်းပြည်မြင့်မားတိုးတက်အောင်၊ စားဝတ်နေရေးအဘက်ဘက်က မြင့်မားတိုးတက်ပြေလည်အောင် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီနှစ်ခုပေါင်းမှ လူမှုရေး + စီးပွားရေး = နိုင်ငံရေးဆိုတာ ဖြစ်ပေါ်လာတာပါ။

ဒါကြောင့် နိုင်ငံရေးဆိုတာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူတွေ ဦးဆောင်ပြီး ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ နိုင်ငံတော်မှာလည်း နိုင်ငံ့ဝန်ထမ်းများဟာ ပါတီနိုင်ငံရေး ကင်းရှင်းရမယ်လို့ ပြောထားပါတယ်။

နိုင်ငံ့ဝန်ထမ်းများဟာလည်း ပြည်သူကြားက ပေါက်ဖွားလာတဲ့ တိုင်းပြည်တာဝန်ထမ်းကြတဲ့ ပြည်သူတွေဖြစ်လို့ သူတို့ရဲ့ဘဝပြည့်စုံဖူလုံဖို့ကလည်း အရေးကြီးလှပါတယ်။ ကုန်ဈေးနှုန်းတွေတက်လာရင် အရပ်သားပြည်သူတွေအတွက်သာ ဈေးတက်တာမဟုတ်ပါဘူး၊ တိုင်းပြည်တာဝန်ထမ်းဆောင်နေကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေလည်း အတူတူခံကြရတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံတံဆိပ်ဟာ နဂါးနီ (၂)ကောင် အပေါ်မှာ လယ်သမားကြီးက မားမားမတ်မတ် ရင်ကော့ပြီးရပ်နေတဲ့ ပုံစံဖြစ်ပါတယ်။ နဂါးနီရဲ့ အဓိပ္ပာယ်ဟာ ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်မယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတာကြောင့် ဆင်းရဲသားများရဲ့ ဘဝ၊ လယ်သမားများရဲ့ဘဝကို လမ်းပြဦးဆောင်ပေးသွားမယ်လို့ အဓိပ္ပာယ်ကောက်ယူလို့ ရပါတယ်ခင်ဗျာ။




ဒါကြောင့် အခုလာမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ လယ်သမားပါတီ နဂါးနီကိုအားပေးကြပါလို့ပြည်သူလူထုတစ်ရပ်လုံးကို တောင်းဆိုလိုက်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးဟာ ရွေးကောက်ပွဲအပြီးမှာ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမယ်လို့လည်း ခန့်မှန်းသိရှိရပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းပြီး (BRI) One Belt One Road စီမံကိန်းကြီးလည်း အကောင်အထည်ဖော် ဆောင်ရွက်တော့မှာဖြစ်တဲ့အတွက် တိုင်းပြည်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ထွန်းပြီး ကမ္ဘာ့ဈေးကွက်ကို ချိတ်ဆက်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုများရဲ့ အသီးအပွင့်များကိုလည်း ခံစားရတော့မှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ ပြည်သူတွေကို ကတိပေးနိုင်တာကတော့ တခြားကိစ္စအရေးများထက် တိုင်းသူပြည်သားရဲ့ မီးဖိုချောင်ကို သေသေချာချာ ကာကွယ်စောင့်ရှောက်ပြီး မိသားစုအားလုံး စားဝတ်နေရေးပြေလည်အောင် ကြိုးစားဆောင်ရွက်သွားပါမယ်လို့ ပြောကြားရင်းနဲ့ပဲ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

### နဂါးပါတီ သီချင်းစာသား

နဂါးပါတီ

တေးရေး - ရွှေငြိမ်းမင်း
တေးဆို - ရွှေမန်းခေတ်

(မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှုခဲ့သည် ....
အများတကာညီ တရားမကွာပြီ နဂါးပါတီ အားသာသည်
ညီညီညာညာ စည်းလုံးခြင်းနဲ့ ပြည်သူအကျိုးကိုထမ်းဆောင်လာကြသည် ......
စိတ်ထားတူညီမဲပေးကြမည် .......
ဒို့နဂါးပါတီအောင်လံလွှင့်ကာချီ ...)၂
(မင်္ဂလာပါ ပြည်သူအပေါင်းတွေ သောင်းသောင်းဖြဖြကြိုဆိုနေပြီ...
နဂါးပါတီမေတ္တာတရားနဲ့ တိကျပြတ်သား စိတ်ထားခိုင်မာသည် ....
မင်္ဂလာပါ ပြည်သူအပေါင်းတွေ သောင်းသောင်းဖြဖြ ကြိုဆိုနေပြီ)....
ဒို့တောင်သူလယ်သမားတွေ တိုးတက်မှုအား ခံ့ညားထည်ဝါသည်
တိုင်းပြည်လူမျိုးဆတက်ထမ်းပိုး ကောင်းစားဖို့ အချိန်ခါရောက်လာပြီ
ဘာသာရောင် သာသနာရောင်တွေ ဝင်းပထိန်ချီ အများတကာညီ တရားမကွာပြီ နဂါးပါတီ အားသာသည် ...ညီညီညာညာစည်းလုံးခြင်းနဲ့ ပြည်သူအကျိုးကို ထမ်းဆောင်လာကြသည်
စိတ်ထားတူညီမဲပေးကြမည်
ဒို့နဂါးပါတီအောင်လံ လွှင့်ကာချီ ........ )၂

......

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး ဝင်းခြံစည်းရိုးများ သန့်ရှင်းကောင်းမွန်စေရေးနှင့် မြောက်ဘက်မုခ်ဝတံခါး ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုများကို သွားရောက်ကြည့်ရှုပြီး ဘုရားပရိဝုဏ် သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည်များကို စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ကုန်တန်းရပ်ကွက် လင်းသုတ စာကြည့်တိုက် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး သွားရောက်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားကာ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းသည်။



ယင်းနောက် ဆတ်ရိုးကျရပ်ကွက် ဓမ္မာရုံအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ရူပမြောက်ရပ်ကွက်နှင့် တရားသီးစုရပ်ကွက်ရှိ ယာယီအားကစားကွင်းများကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့သူကြီးရပ်ကွက် တိန့်ရွှေစက်မှုလက်မှုလုပ်ငန်းနှင့် အိုလံပစ်အားကစား ကာယဗလနှင့် အလေးမအသင်းတို့သို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် (၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူးများက မိမိတို့ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြကာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တန်ဆောင်တိုင်ပွဲတော်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## တပ်ကုန်းမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် (၁၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့နှင့် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူက နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး နှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲဆုနှင့် အငြိမ်းစားဝန်ထမ်းများအား လှူဒါန်းငွေ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်ဆု၊ ရုံးနှင့်ရပ်ကွက်၊ ကျေးရွာ စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်ဆုများ ပေးအပ်သည်။ ထို့နောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းသို့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသမိုင်း ဗီဒီယို Clip ကိုပြသပြီး ဝန်ထမ်းများအား MRTV DTH စလောင်း၊ DVB– T2 Set TOP BOX နှင့် ပစ္စည်းမျိုးစုံ မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## မော်ဘီမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**မော်ဘီ နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မော်ဘီခရိုင်မှူးနှင့် မော်ဘီမြို့နယ်ဦးစီးမှူးတို့၏ ကြီးကြပ်ဦးဆောင်မှုဖြင့် မော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာအုပ်စုတွင် ယမန်နေ့နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

### ကွင်းဆင်းဆောင်ရွက်

အဆိုပါ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်ဆွေ၊ လဝကမှူးဒေါ်မျိုးသူဇာနှင့် ဝန်ထမ်းများက ဝါးနက်ချောင်း ရပ်ကွက်/ကျေးရွာရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့များ၊ မိသားစုဝင်များ၊ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဇီဝဆိုင်ရာအချက်လက်ကောက်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မော်ဘီ)**






## မုံရွာခရိုင်ရုံး၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၈**

(၁၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မြသလ္လာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏သမိုင်းကြောင်းကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ ပေးပို့သော ဗီဒီယို Clip ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့်တာဝန်ရှိသူများက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ၊ တူညီဝတ်စုံနှင့် ငွေများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၈ ရက်ထုတ် ကြေးမုံ သတင်းစာ စာမျက်နှာ ၁၈ ပါ ပဲခူး–မော်လမြိုင် ရထားလမ်းပိုင်းအတွင်း ဘီးလင်းမြို့နယ်၊ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကျောက်ရထားလမ်းချော်ကျမှုဖြစ်ပွားခဲ့သည့် သတင်းတွင် ဖော်ပြပါရှိသည့် ဖြစ်စဉ်ဖြစ်ပွားသည့် ရက်ကို နိုဝင်ဘာ ၆ ရက်အစား နိုဝင်ဘာ ၇ ရက်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**မြန်မာ့မီးရထား**

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့**

## ဖျာပုံခရိုင်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး

**ဖျာပုံ နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနမှ မီးလောင်ဆုံးရှုံးမှု လျော့နည်းပပျောက်စေရန် ဖျာပုံမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်၌ ယနေ့ မွန်းလွဲပိုင်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး၏ ကြီးကြပ်မှုဖြင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့များက ဖျာပုံမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရမည့်အချက်များနှင့် မီးလောင်မှုဖြစ်ပွားစေနိုင်သောအချက်များကို စစ်ဆေးအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**



# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် (၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်

**ပုသိမ် နိုဝင်ဘာ ၈**

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရောရွှေဝါခန်းမတွင် (၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လက်ရှိကာလတွင်လည်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်မှ ဝန်ထမ်းများအနေဖြင့် အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်ထမ်းဆောင်နေသည့် ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်သွားရမည်ဖြစ်သကဲ့သို့ လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ နိုင်ငံတော်အကျိုးကို အောင်မြင်အောင်ဖော်ဆောင်၍ ပြည်သူများက လေးစားအားထားရသည့် အုပ်ချုပ်ရေးဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်" တိုက်တွန်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် (၃၇) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားအတွက် ချီးမြှင့်ငွေများနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်း ဗီဒီယိုကလစ်ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သည့် အရာထမ်း၊ အမှုထမ်းများနှင့် တစ်နှစ်ပတ်လုံး ခွင့်ယူခြင်းမရှိဘဲ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ငွေများ၊ ဆုတံဆိပ်များချီးမြှင့်ခဲ့ကြောင်း သိရသည်။




**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပုသိမ်ကြီးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ပုသိမ်ကြီး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနသည် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကျရောက်မှု မရှိစေရေး၊ မီးဘေးလုံခြုံရေး ပစ္စည်းကိရိယာများ စနစ်တကျထားရှိမှုများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးကြသည်။

**ဆက်လက်စစ်ဆေးဆောင်ရွက်**

ထိုသို့ စစ်ဆေးရာတွင် မီးသတ်ဆေးဘူးများ၊ အပေါ့စားမီးသတ်စက်၊ ဆီမီးငြိမ်းသတ်ရေးဆေးရည် စသည့်ပစ္စည်းများကို စစ်ဆေးကြပြီး စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများအား လက်တွေ့ မီးငြိမ်းသတ်မှုများ ဆောင်ရွက်စေခဲ့သည်။ ကျန်ရှိနေသေးသည့် စက်သုံးဆီအရောင်းဆိုင်များကိုလည်း ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့၌ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၈**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင်ဆရာ ဆရာမများ ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားဆွေးနွေးပွဲ (မြို့နယ်အဆင့်)ကို ယနေ့နံနက်ပိုင်းက အထက(၁)ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)များနှင့် ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းဆင့်သင် သင်တန်းသား ဆရာ ဆရာမ ၁၀၀ တက်ရောက်ပြီး သင်တန်းနည်းပြဆရာ ဆရာမ ခုနစ်ဦးက ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသည်။ ၎င်းဆွေးနွေးပွဲတွင် ကလေးသူငယ်ဥပဒေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ အကြမ်းဖက်ဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ၊ လောင်းကစားဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



**ချမ်းသာ(မိတ္ထီလာ)**

# ပန်းတနော်မြို့၌ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ရရှိရေးဆောင်ရွက်ရမည့်လုပ်ငန်း ရှင်းလင်းဆွေးနွေး

**ပန်းတနော် နိုဝင်ဘာ ၈**

ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ ယမန်နေ့နံနက်ပိုင်းက လယ်ယာမြေဥပဒေနှင့် အခြားနည်းသုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့် ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်သည်။

ဦးစွာ ရောဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးမြသိန်းက လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရရှိဘဲ ငါးမွေးကန်တူးဖော်သည့်လုပ်ငန်းများ မရှိစေရေးကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မအူပင်ခရိုင် မြေစာရင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးပိုင်ပေါ်ထွန်းက လယ်ယာမြေဥပဒေနှင့် အခြားနည်းသုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပန်းတနော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက ငါးမွေးကန်တောင်သူများအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်သွားရန် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ပန်းတနော်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဦးစီးမှူးဦးသိန်းဝင်းက အခွန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အင်းစိန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းဇော်နှင့် ဝန်ထမ်းများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားယူသွားကြသည့် ဝန်ထမ်းများအား နိုဝင်ဘာ ၇ ရက်က ကန်တော့ခြင်းနှင့်အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

ဇင်မင်းထိုက်(ပြန်/ဆက်)

# မူဆယ်မြို့တွင် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများဖျက်ဆီး

**မူဆယ် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့် ဓာတုဆက်စပ်ပစ္စည်းများအား ဒေသတွင်း မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မူဆယ်မြို့ စွမ်စော်ရပ်ကွက် ဘာသာပေါင်းစုံသင်္ချိုင်း အနီး၌ ဆောင်ရွက်သည်။

**ဖျက်ဆီးခဲ့**

အဆိုပါ အခမ်းအနားကို မူဆယ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်ကာ ဘိန်းဖြူ ဘလောက်တုံး ၁ ဒသမ ၄၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၇၅ ပြား၊ ဘိန်းဆီခဲ သုည ဒသမ ၃၄၄၀၄ ကီလို၊ ကတ်တမင်း သုည ဒသမ ၁၁၇၉ ကီလို၊ Happy Water (ခိုင်ချီးရွှေ) သုည ဒသမ ၇၅၁ကီလို၊ ခတ်ခူး သုည ဒသမ ၀၀၆ ကီလို၊ ဆေးခြောက် ၁ ဒသမ ၃၇၅ ကီလို၊ Methyamine လီတာ ၅၂၀၊ Thionyl Chloride လီတာ ၁၂၀၀၊ အရိုးမီးသွေး ၁၈၆၂ ဒသမ ၇၉၇၅ ကီလို၊ Sodium Ethoxide ၂၄၁၉ ဒသမ ၈၇၉ ကီလို၊ Caustic Soda ၅၅၄၉ ဒသမ ၇၈၈ ကီလို၊ Sodium Bisulfite ၇၃၅ ဒသမ ၉၂ ကီလို၊ Potassium Chloride ၄၁၈ ဒသမ ၅၉ ကီလို၊ Sodium Chloride ၃၂၉ ဒသမ ၀၄ ကီလိုနှင့် Benzene လီတာ ၁၀၀ တို့ဖြစ်ပြီး စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၁၃၂၁ သိန်းကျော်အား မီးရှို့/မြေမြှုပ် ဖျက်ဆီးခဲ့ကြောင်း သိရသည်။



**ချယ်ရီမြေ(မူဆယ်)**

## မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပတ်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိတလိုင်းကုန်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ကိုးပါးနှင့် ဒေသခံပြည်သူ ၁၄၁ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တလိုင်းကုန်းကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် မြတောင်ကျောင်းတိုက်ရှိ သံဃာတော် ၁၂၉ ပါးနှင့် ဒေသခံပြည်သူ ၆၄ ဦးတို့အား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်အား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျွန်းလှမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ကျွန်းလှ နိုဝင်ဘာ ၈

စစ်ကိုင်း တိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မန်ကျည်းအင်းကျေးရွာ ရွာတွင်းလမ်း ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျွန်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာလာဝင်းနှင့် ဝန်ထမ်းများက ကျေးရွာတွင်းလမ်း ဂျင်းခင်းခြင်း လုပ်ငန်းကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်းကို စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဖြိုးကျော်(ပုံတောင်မြေ)**

## မိတ္ထီလာ-တောင်ကြီးလမ်းမှ ကြက်မောက်-ဇီးတောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

သာစည် နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မိတ္ထီလာ-တောင်ကြီးလမ်းမှ ကြက်မောက်-ဇီးတောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင် ဦးဆောင်၍ တာဝန်ရှိသူများက နိုဝင်ဘာ ၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ရန်ပုံငွေကျပ် ၁၁၃ ဒသမ ၄၂၈ သန်းဖြင့် မိတ္ထီလာ-တောင်ကြီးလမ်းမှ ကြက်မောက်-ဇီးတောလမ်း လမ်းအရှည် သုည ဒသမ ၄၀၂ ကီလိုမီတာအား ကတ္တရာခင်းခြင်း လုပ်ငန်းများကို သာစည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်နှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်အပါအဝင် မြို့နယ် ခြောက်မြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများနှင့် ပန်းခြံတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ဘောလုံးနှင့် ဖူဆယ်အသင်းများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တွေ့ဆုံအားပေး



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် လက်ရွေးစင်အသင်းများအား တွေ့ဆုံအားပေးစဉ်။

**ရန်ကုန် နိုဝင်ဘာ ၈**

(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် ဘောလုံးနှင့် ဖူဆယ် လက်ရွေးစင်အသင်းများ၊ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်ယှဉ်ပြိုင်မည့် အား/ကာသိပ္ပံ (ISPE)အသင်း၊ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၇ အမျိုးသားလူငယ် လက်ရွေးစင်အသင်းများသည် စခန်းဝင်လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး နိုဝင်ဘာ ၆ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တွေ့ဆုံအားပေးသည်။

**အားပေးစကားပြောကြား**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲယှဉ်ပြိုင်မည့် အား/ကာသိပ္ပံအမျိုးသမီးအသင်းနှင့် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၊ အမျိုးသား ယူ-၂၂ အသင်း၊ ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးလက်ရွေးစင်အသင်းနှင့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၇ အမျိုးသားလူငယ်လက်ရွေးစင်အသင်းတို့ စခန်းဝင်လေ့ကျင့်မှုများကို သွားရောက်ကြည့်ရှုအားပေး၍ အောင်မြင်မှုရရှိရေးအတွက် အားပေးစကားပြောကြားသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌသည် ဗဟန်းမြက်ခင်းတုကွင်း၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအား ဦးစွာသွားရောက်တွေ့ဆုံအားပေးခဲ့ပြီး ပြီးခဲ့သည့် (၃၂)ကြိမ်မြောက် ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည့် ခြေစွမ်းနှင့် ကြိုးစားအားထုတ်မှုထက် ပိုမိုစွမ်းဆောင်နိုင်ရန်နှင့် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်သည်အထိကြိုးစားရန် တိုက်တွန်းမှာကြားသည်။ ယင်းနောက် MFF ဖူဆယ်အားကစားရုံတွင် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းနှင့် အမျိုးသမီးဖူဆယ်အသင်းတို့အား သွားရောက်တွေ့ဆုံကာ ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေးအတွက် နည်းပြအဖွဲ့နှင့် ကစားသမားများအား တစ်ဦးချင်းတွေ့ဆုံနှုတ်ဆက်အားပေးသည်။ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် အသင်းလေးသင်းအနေဖြင့် ဆုတံဆိပ်ရရှိမှုအလိုက် ထိုက်တန်သည့် ဆုကြေးခံစားခွင့်များ ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

ဆက်လက်၍ သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)တွင် လေ့ကျင့်နေသည့် အား/ကာသိပ္ပံအမျိုးသမီးအသင်းအား တွေ့ဆုံ၍ မြန်မာ့လက်ရွေးစင် ကစားသမားအများစု ပါဝင်သည့်အတွက် ဆီးဂိမ်းပြိုင်ပွဲအကြို ကောင်းမွန်သည့်အခွင့်အရေးဖြစ်ကြောင်း၊ အာရှအမျိုးသမီးချန်ပီယံလိဂ် ပြိုင်ဘက်များဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား ကလပ်အသင်းများကို မလျှော့သောဇွဲလုံ့လအပြည့်ဖြင့် ရေကုန်ရေခန်း ကြိုးပမ်းကစားရန်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့်ကလပ်များ၊ ကစားသမားများဖြစ်သော်လည်း စိတ်ဓာတ်အကောင်းဆုံးဖြင့် ရင်ဆိုင်သွားရန် တိုက်တွန်းအားပေးခဲ့သည်။ ထို့နောက် ဥက္ကဋ္ဌဦးဇော်ဇော်သည် စားရိပ်သာတွင် မြန်မာ ယူ-၂၂ အမျိုးသားအသင်းနှင့် မြန်မာ ယူ-၁၇ အမျိုးသားအသင်းတို့အား ဆက်လက်တွေ့ဆုံခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာယူ-၂၂ အမျိုးသားအသင်း အောင်မြင်မှုရရှိရေးအတွက် အထူးကြိုးစားအားထုတ်ရန်၊ စည်းကမ်းကောင်းမွန်စွာနေထိုင်လေ့ကျင့်ရန်၊ မိမိအားဝေဖန်သုံးသပ်မှုကို ပြန်လည်ဆန်းစစ်၍ ခွန်အားအဖြစ် အသုံးချကြိုးစားရန် တိုက်တွန်းခဲ့သလို အာရှဖလားယူ-၁၇ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၇ အသင်းကိုလည်း လက်ရွေးစင်အသင်းကြီးအဆင့်သို့လည်းကောင်း၊ ပရော်ဖက်ရှင်နယ်ကစားသမားများအဖြစ်သို့လည်းကောင်း ရောက်ရှိရန်နှင့် အာရှခြေစစ်ပွဲအောင်မြင်ရေး အာရုံစိုက်လေ့ကျင့်ရန် တိုက်တွန်းအားပေးခဲ့သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF

# ပုသိမ်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်



**ပုသိမ်ကြီး နိုဝင်ဘာ ၈**

မန္တလေး တိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်အဆင့်(၃) ထပ်တိုးဖြင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ခြင်းနှင့် UID ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာ စိတ္တသုခဘုန်းတော်ကြီးကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းက လဝကမှူး ဒေါ်လဲ့ရည်ဝင်းနှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ မကျန်ရှိစေရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မအူပင်မြို့၌ မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေး

**မအူပင် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာရှိ ဝင်းသူရစက်သုံးဆီအရောင်းဆိုင်၌ ယမန်နေ့နံနက်ပိုင်းက မီးဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးအန္တရာယ်လုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုကို မအူပင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးငြေး ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်း၍ ဆီဆိုင်အတွင်း မီးဘေးလုံခြုံမှုရှိစေရန် အဆောက်အအုံ အတွင်း/အပြင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လက်တွေ့စစ်ဆေးပြီး မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# ဟုမ္မလင်းမြို့နယ်၌ မိုးစပါးရိတ်သိမ်းပွဲ ကျင်းပ

**ဟုမ္မလင်း နိုင်ဝင်ဘာ ၈**

စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော နားနုံးကျေးရွာ မျိုးဆက်သစ် မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးအောင်စိုးလွင် စိုက်ပျိုးထားသည့် မိုးစပါးအထွက်တိုးမျိုး အောင်နိုင်တိုး လယ်မြေဧကရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် အစိုတင်း ၁၄၀၊ အခြောက် ၁၂၃ တင်း ထွက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ် အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မျိုးဆက်သစ်မျိုးစေ့ထုတ် သမဝါယမအသင်းမှ အသင်းသား ခြောက်ဦးအား လယ်မြေ ၃၃ ဧကတွင် GW-11 နှင့် အောင်နိုင်တိုး စပါးမျိုးတို့စိုက်ပျိုးရန်အတွက် မျိုးစပါး၊ သွင်းအားစုနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၈-၁၀-၂၀၂၅ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၆)ဒေါ်ဟန်သီတို့၏အမည်ပြောင်းတွင်မြေအမည်ပေါက်-ဒေါ်စန်းမြင့် အစားမြေအမည်ပေါက်-ဦးစန်းမြင့်ဟုအမှန်ဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇုန်-၃၊ မြေကွက်အမှတ်-၂၁-စီ၁ + ၂၁ - စီ၂၊ အကျယ်အဝန်းဧရိယာ(၀.၄၈၃)ဧကရှိ ဒေါ်ယဉ်ယဉ်(ခ)ဒေါ်ယဉ်ယဉ်ဝေနှင့် ဒေါ်ကြင်ကြင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်လျက်ရှိသော မြေကွက်သီးသန့်ဧရိယာ၏ တစ်စိတ်တစ်ဒေသဖြစ်သော အကျယ်အဝန်း(၀. ၂၃၉)ဧကနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အရ လက်ဝယ်ရှိပြီး အရောင်းအဝယ်ပြုလုပ်လိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်ချစ်စုဝင်း[၁၂/ကမရ(နိုင်)၀၄၈၉၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်နွယ်နီငြေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**ရုံးခန်း(၅)၊ ပထမထပ် Strand Condominium၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

**ကန့်ကွက်နိုင်ပါကြောင်း**

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်(၆၈)မောင်ငံ၊ ဦးပိုင်အမှတ်(၉၄/က)၊ ဧရိယာ(၀.၀၅၆)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန မှတ်ပုံတင် (၁-က)စာရင်းတွင် ဦးတင်ဖေ၊ ဒေါ်ခင်သန်းဝင်း တို့(၂)ဦးအမည်ပေါက်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ဖေ၊ ဒေါ်ခင်သန်းဝင်း တို့(၂)ဦးထံမှ ဦးခန့်ဇင်ဟိန်းက "အိမ်နှင့်မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်-၂၅၆/၂၀၂၄ အရဝယ်ယူခဲ့ပါသည်။ ယခုအခါ ဦးခန့်ဇင်ဟိန်းက ၎င်း၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးခန့်ဇင်ဟိန်းမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❖ **ပရီမီယာလိဂ်မှ**


မန်ယူအသင်းဟာ အောက်တိုဘာလအတွင်းက ဆန်းဒါးလန်းအသင်း၊ လီဗာပူးအသင်းနဲ့ ဘရိုက်တန်အသင်းတို့ကို အနိုင်ရရှိခဲ့တာဖြစ်ပြီး လီဗာပူးအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ ၂၀၁၆ ခုနှစ်နောက်ပိုင်း လီဗာပူးအသင်းရဲ့အိမ်ကွင်း အန်ဖီးလ်မှာ ပထမဆုံးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ပရီမီယာလိဂ် တစ်လတာအကောင်းဆုံး နည်းပြဆုကို ၂၀၂၃ ခုနှစ်က နည်းပြအဲရစ်တန်ဟက်ဒ် ရရှိခဲ့ပြီးနောက်ပိုင်း နည်းပြအမိုရင်ရရှိခဲ့ခြင်းဟာ မန်ယူအသင်းနည်းပြတစ်ဦးအတွက် ပထမဆုံးအကြိမ်လည်း ဖြစ်ပါတယ်။

အောက်တိုဘာလအတွက် တစ်လတာ ပရီမီယာလိဂ်အကောင်းဆုံးကစားသမားဆုကိုတော့ မန်ယူတိုက်စစ်မှူး အမ်ဘူမိုက ရရှိခဲ့ပြီး အမ်ဘူမိုဟာ ပြီးခဲ့တဲ့လက ပရီမီယာလိဂ်သုံးပွဲမှာ သုံးဂိုးသွင်းကာ တစ်ဂိုးဖန်တီးပေးခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

ကမ္ဘာ့ရေးရာ
Global Affairs
အမှတ်(၃၄)
(အောက်တိုဘာ၊ ၂၀၂၅)
ထွက်ပြီ



"ကမ္ဘာ့ရွေးကောက်ပွဲစနစ်များအား လေ့လာခြင်း"

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ၊ ကမ္ဘာ့ရေးရာ အမှတ်စဉ်-၃၄ တွင်

- ရွေးကောက်ပွဲနှင့် လွှတ်တော်
- ကမ္ဘာတစ်ဝန်းရှိ ရွေးကောက်ပွဲစနစ်များ
- ဦးတည်ရာမဲ့ ကမ္ဘာကြီးနဲ့ New Gambit
- တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြုအာဆီယံ
- ရုရှား-ယူကရိန်းပဋိပက္ခမှပေးသည့် သမိုင်းသင်ခန်းစာ
- အလားအလာကောင်းသော ကမ္ဘာ့ကော်ဖီဈေးကွက်
- AI နည်းပညာနှင့် အမျိုးသားလုံခြုံရေး စိန်ခေါ်မှုများ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၈၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈


## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပပြုလုပ်မည့်အချိန် ပြောင်းလဲကြောင်း အသိပေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို (၂၂၊ ၁၁၊ ၂၀၂၅)ရက်နေ့၊ နံနက် (၉:၀၀) နာရီအစား နံနက် (၉:၃၀)အချိန်သို့ ပြောင်းလဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်နေ့၊ နံနက် (၉:၃၀)နာရီအချိန် UMFCCI မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်မည့် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ အသင်းဝင်များအားလုံးမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ပြန်လည်အသိပေး ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၃၉

ဒေါ်နှင်းဝတ်ရည်လတ် နှင့် ဒေါ်ညိုမီထွန်း
**(တရားလို) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ အမှတ်- ၈၆၂ နေ ဒေါ်ညိုမီထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်းမြေနှင့်အိမ်အရောင်း အဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ၂၀ ရက် ( ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ အမှတ်(၁၁၅)တွင်နေထိုင်သော ဦးသန်းစိုး(ခ) ဦးကိုစိုး [၁၂/ဒပန(နိုင်)၀၄၃၈၃၂]၊ ဒေါ်တင်ဇာထွေး (ခ) မဇာဇာ [၁၂/ဒပန(နိုင်)၀၄၃၅၈၃]တို့၏သား မောင်ကျော်ဆက်ပိုင်မှူး (ခ) သားငယ်သည် အဖေ၊ အမေ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ အကြိမ်ကြိမ် မိဘခွင့်မလွှတ်နိုင်သော ကိစ္စရပ်များအား ကျူးလွန်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဤကြော်ငြာပါရှိသည့်ရက်မှစ၍လည်း ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းစိုး (ခ) ဦးကိုစိုး + ဒေါ်တင်ဇာထွေး (ခ) မဇာဇာ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/အောင်ဇမ္ဗူ ရှိ မြေကွက်အမှတ်(၇၅)၊ ဧရိယာ(၀.၀၆၈)ဧကအား အမည်ပေါက် ဦးကျော်ကျော်ထွန်း (ဘ) ဦးစိန်လှိုင် [၈/ပခက(နိုင်)၀၀၁၅၄၇]မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၀၉၁/၂၀၂၅)၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်အသိသက်သေ(၃)ဦး သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး **မြေငှားစာချုပ်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂ ဘီ၊ မြေကွက်အမှတ်-၄၉၄အေ-၁/၁-ဃ၊ ဧရိယာ(၀.၁၂)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၃(B-၁)၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးသိန်းလှိုင်(စီအီး-၀၄၅၉၇၄) အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးသိန်းလှိုင်သည် (၂၅-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် (ဇနီး)ဒေါ်ကြည်ကြည်ထွေး[၁၂/ဗဟန(နိုင်) ၀၀၅၀၃၀]မှ ၎င်းသည် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီး ၎င်းမှလွဲ၍ အခြားဇနီး လုံးဝမရှိပါကြောင်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့အား တရားဝင်ဆက်ခံပိုင်ဆိုင်၍ ဥပဒေနှင့်အညီ လက်ဝယ်ထားရှိစီမံခန့်ခွဲလျက်ရှိပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ မှတ်ပုံတင်အမှတ်-၁၀၆၅/၂၀၂၅ (၁၀-၉-၂၀၂၅)ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးသိန်းလှိုင်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက် စွန့်လွှတ်စာချုပ်အမှတ်-၈၆၅/၁၉၉၂ (၁၆-၆-၁၉၉၂)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့ ၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/အောင်ဇမ္ဗူ ရှိ မြေကွက်အမှတ်(၇၇)၊ ဧရိယာ(၀.၀၆၃)ဧကအား အမည်ပေါက် ဒေါ်ငွေရင် (ဘ)ဦးထွန်းကြီး[၉/ပမန(နိုင်)၀၄၄၆၅၄]မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၀၉၀/၂၀၂၅)၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်အသိသက်သေ(၃)ဦး သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **မြေငှားစာချုပ်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၄၃

ဦးသန်းဇော်ဦး နှင့် ဒေါ်ရွှေစင်ဝင်း
**(တရားလို) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊ သဒ္ဒါရုံလမ်း၊ အမှတ်- ၈၆၂ နေ ဒေါ်ရွှေစင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်းမြေကွက်နှင့် နေအိမ်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် ( ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၆-ရပ်ကွက်၊ မင်းရဲကျော်စွာ(၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၅၆၊ မြေကွက်အမှတ် - ၇၉၄/က၊ မြေဧရိယာ ၂၀x၆၀ (၁၂၀၀)စတုရန်းပေ မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ထုတ်ပေးသော ဦးကြီးမြင့် အမည်ပေါက် ပါမစ်မြေဖြစ်ပြီး ဦးကြီးမြင့်မှ ဒေါ်ခင်သဲစုလင်း၊ ဒေါ်ခင်သဲစုလင်းမှ ဦးဗိုလ်ဗိုလ်သို့ အဆင့်ဆင့်ရောင်းချခဲ့သော မြေအား ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းမင်းအောင်က တရားဝင်ဝယ်ယူပိုင်ဆိုင်နိုင်ရန် အိမ်ခြံမြေတန်ဖိုး၏တချို့ကို (၇-၁၁-၂၀၂၅)ရက်နေ့တွင် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းအိမ်၊ ခြံ၊ မြေ အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဆက်လက်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်းဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၅၀၃၈)**
**ဖုန်း-၀၉-၄၂၀၁၅၉၂၇၇**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ဌာနလမ်း၊ အမှတ်(၈၃)ပေါ်တွင် ဆောက်လုပ်ထားသော (၁) ခန်းတည်း၊ (၆-ထပ်) တိုက်၏ ပထမထပ် (၂-လွှာ)၊ အကျယ်အဝန်း ( ၂၅ x ၅၀ ) ပေခန့်ရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် ဦးလှရွှေ (ကန်ထရိုက်တာ/Star World Construction Group )ထံမှ ဒေါ်မေသစ်လွင်က ဝယ်ယူခဲ့ပြီး၊ ဒေါ်မေသစ်လွင်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ Dr. ဒေါ်သင်းသင်းဦး [၁၄/ပသန(နိုင်)၁၉၆၅၆၈]အား ကျွန်ုပ်၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**ဖုန်း ၀၉ - ၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**
**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ လှည်းတန်း(၇)လမ်း၊ အမှတ်(၂၅)ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၆-ထပ်) တိုက်၏ ပဉ္စမထပ် (၆-လွှာ/ဘီ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၅) ပေရှိ တိုက်ခန်း (တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းဖြိုး (ခ) စိုးစိုး [၇/ဒဥန (နိုင်)၁၁၄၅၉၉]အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးထွန်းထွန်း [၁၂/ကခက (နိုင်)၀၈၃၁၆၃] နှင့် ဒေါ်ခင်ယုယုမြင့် [၁၁/မအန (နိုင်) ၀၄၂၂၉၉] တို့မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**ဖုန်း ၀၉ - ၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**
**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(အရှေ့)ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၉၇) ပေါ်တွင်ဆောက်လုပ်ထားသော Hill Top Condominium အဆောက်အဦ၏ (၉-လွှာ)၊ အခန်းအမှတ်(၆၀၄) အကျယ်အဝန်း(၁၇၆၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ ဓာတ်လှေကား၊ ကား(၁)စီးရပ်နားခွင့် အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးယွင်သ(ခ)ဖူဝင်သတ်[၁၂/လမတ(နိုင်)၀၂၂၉၉၅]နှင့် ဒေါ်ခင်အေးဝင်း(ခ)တျောင်မိလင်[၁၂/လသန(နိုင်)၀၀၃၉၉၉]တို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရင်ကြူ [၆/မအရ(နိုင်)၀၂၄၃၇၂]နှင့် ဒေါ်ဝင်းကြူ[၆/မအရ(နိုင်)၀၂၄၃၇၁]တို့မှ ကွန်ဒိုတိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**ဖုန်း-၀၉-၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**
**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

❖ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park အတွင်းရှိ အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



KK Park အတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ယင်းတို့ စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်သည့်နေရာများတွင် တစ်ထပ်လူနေအဆောက်အအုံ တစ်လုံး၊ နှစ်ထပ်လူနေအဆောက်အအုံ အလုံး ၈၀၊ သုံးထပ်လူနေ အဆောက်အအုံ ရှစ်လုံး၊ လေးထပ် လူနေအဆောက်အအုံ ၂၇ လုံး၊ ကိုးထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဈေးဆိုင်နှင့် လူနေ နှစ်ထပ်အဆောက်အအုံ လေးလုံး၊ ဈေးဆိုင်နှင့် လူနေ လေးထပ်အဆောက်အအုံ နှစ်လုံး၊ စားသောက်ဆိုင်နှင့် လူနေ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ ဂိုဒေါင် ၁၂ လုံး၊ ခြောက်ထပ် ဟိုတယ် တစ်လုံး၊ GYM အားကစားခန်းမ တစ်ခု၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ■

## ပြည်သူ့အလုပ်သမားပါတီနှင့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်သူ့အလုပ်သမားပါတီနှင့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။ ကြေးမုံ

## အာရှအမျိုးသမီး ချန်ပီယံလိဂ် အုပ်စု(ဂ) ပထမနေ့ အား/ကာသိပ္ပံအသင်း(မြန်မာ)နှင့် ဆူဝမ်အသင်း(တောင်ကိုရီးယား)တို့ ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် နိုဝင်ဘာ ၈

၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် အား/ကာသိပ္ပံ(ISPE) အသင်းနှင့် တောင်ကိုရီးယားကလပ် ဆူဝမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု(C)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အုပ်စုပထမနေ့အဖြစ် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၃ နာရီတွင် ဂျပန်ကလပ် တိုကျိုဗာဒီ အသင်းနှင့် မြောက်ကိုရီးယားကလပ် နာဂိုရမ်အသင်း၊ ည ၇ နာရီတွင် မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် တောင်ကိုရီးယားကလပ် ဆူဝမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ရုန်းကန်ရဖွယ်ရှိပြီး သုံးပွဲစလုံး အမှတ်ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ပရိသတ်များ တစ်ခဲနက် လာရောက်အားပေးရန် ကွင်းဝင်ကြေး အခမဲ့သတ်မှတ်ထားပြီး အပြန်ခရီး အဆင်ပြေစေရန် မြို့နယ်အသီးသီးသို့ YBS ဘတ်စ်ကားများ စီစဉ်ပေးထားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ○

## ပရီမီယာလိဂ် တစ်လတာအကောင်းဆုံးနည်းပြဆု မန်ယူအသင်းနည်းပြ အမိုရင် ပထမဆုံးအကြိမ်ဆွတ်ခူး



မန်ယူအသင်းနည်းပြ အမိုရင်ဟာ အောက်တိုဘာလအတွက် ပရီမီယာလိဂ် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးရရှိခဲ့ပြီး အခုလိုရရှိခဲ့တာဟာ ပရီမီယာလိဂ်နည်းပြဖြစ်လာပြီးနောက်ပိုင်း ပထမဆုံးအကြိမ်လည်း ဖြစ်ပါတယ်။

အမိုရင်ဟာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက မန်ယူအသင်းနည်းပြဖြစ်လာခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့အောက်တိုဘာလက မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်သုံးပွဲ အနိုင်ရရှိအောင် စွမ်းဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖

## ယနေ့ ဖတ်စရာ



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ လျှပ်စစ်မီးများ ပြန်လည်ရရှိ

စာမျက်နှာ » ၁၁

သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

စာမျက်နှာ » ၁၄

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် Eastern Yangon Eventpark ၌ ကျင်းပသည့် Overflow Music Festival ဖျော်ဖြေပွဲတွင် အများပြည်သူအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ သီဆိုကခုန်ဖျော်ဖြေခဲ့ကြသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

စာမျက်နှာ » ၁၅